

PHOTO: UNHCR

# CHAPTER 11 • 2015
# PROTECTION OF PERSONS WITH SPECIFIC NEEDS

ဤအခန်းများတွင် သုံးစွဲထားသော စခန်းဟူသည့် အသုံးအနှုန်းသည် စခန်းများနှင့် စခန်းနှင့်တူသော နေရာအမျိုးမျိုးကို ရည်ညွှန်း ခြင်းဖြစ်ပြီး စနစ်တကျတည်ထောင်ထားသော စခန်းများ၊ နေရပ်စွန့်ခွာလာသူများကိုယ်တိုင် စုဝေးတည်ထောင်သော စခန်းများ၊ စုစည်းနေရာများ၊ ယာယီစခန်းများနှင့် ကယ်ဆယ်ရေးစခန်းများ ပါဝင်ပါသည်။

## အဓိက အချက်အလက်များ

- စခန်းလူထုအတွင်း အချို့အုပ်စုများတွင် သီးခြားလိုအပ်ချက်များ ရှိနိုင်သည်။ ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသော အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများကို ပေးအပ်နိုင်ရန်အတွက် ပါဝင်ပတ်သက်သူအားလုံးအနေနှင့် ထိုလိုအပ်ချက်များကို သိရှိထားရန်လိုသည်။ စခန်းရှိ အခြားသူများနှင့် နှိုင်းယှဉ်ပါက အန္တရာယ်ကျရောက်နိုင်ခြေ ပိုများသူ တစ်ဦးချင်းသည်လည်း ထိုအုပ်စုများအတွင်း၌ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ ရှိနေနိုင်သည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ညှိနှိုင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်း၊ ဝန်ဆောင်မှုများအား စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြေခံအဆောက်အဦများကို ထိမ်းသိမ်းခြင်းနှင့် စခန်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးခြားလိုအပ်ချက်ရှိသူများအတွက် ကာကွယ်စောင့်ရှောက်မှုပေးခြင်းအား ထည့်သွင်း ဆောင်ရွက်ရမည်။ သီးခြားလိုအပ်ချက်ရှိသူများအား သိမှတ်၍ ၎င်းတို့အနေနှင့် ဝန်ဆောင်မှုများကို မျှတစွာရရှိနိုင်ရန် နှင့် စခန်းတွင်း၌ ခွဲခြားနှိမ့်ချမှုကင်းသော နေထိုင်မှုဘဝကို ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးရန်မှာ စခန်းစီမံခန့်ခွဲမှု အေဂျင်စီ၏ အဓိကအခန်းကဏ္ဍတစ်ခုဖြစ်သည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် မှတ်ပုံတင်ခြင်း၊ စာရင်းသွင်းခြင်းနှင့် နေရာများကို မြေပုံဖြင့် မှတ်သားသည့်စနစ် တို့၌ အသက်အရွယ်၊ ကျားမ နှင့် ထိခိုက်လွယ်မှုတို့ကို ခွဲခြားဖေါ်ပြရန် သေချာစေသင့်သည်။ သို့မှသာ သီးခြား လိုအပ်ချက်ရှိသူများအား ရောက်ရှိသည့်အစောဆုံးအချိန်မှစ၍ နေထိုင်စဉ်တစ်လျှောက်လုံး၌ ဖေါ်ထုတ်သိရှိနိုင် ပေမည်။
- အားလုံးပါဝင်ဆောင်ရွက်သည့် ဆန်းစစ်မှုများနှင့် စခန်းလူထုအတွင်းမှ အုပ်စုအားလုံး ပါဝင်ဆောင်ရွက်မှုများက မည်သည့်အုပ်စုများ၌ သီးခြားလိုအပ်ချက်ရှိနိုင်သည်ကို ဆုံးဖြတ်နိုင်ရန်နှင့် သင့်လျော်သော ကာကွယ်စောင့်ရှောက်မှု များ ပေးနိုင်ရန်အတွက် ကူညီပေးလိမ့်မည်။
- ပုံမှန်အခြေအနေရှိစဉ်က သီးခြားလိုအပ်ချက်ရှိသူများအား ပံ့ပိုးပေးခဲ့သည့် လူထု အထောက်အကူပြုစနစ်သည် နေရပ်စွန့်ခွာ နေထိုင်ရသည့်အခါ အများအားဖြင့် ပျက်ယွင်းသွားနိုင်သည်။ အစီအစဉ်ရေးဆွဲမှုအားလုံးသည် ဖြစ်နိုင် ပါက ရှိရင်းစွဲ ရှင်သန်ရပ်တည်ပုံ နည်းလမ်းများကို ပံ့ပိုးပေး၍ မဖြစ်နိုင်ပါက အခြားနည်းလမ်းများကို ရှာဖွေဆောင်ရွက် ပေးခြင်းဖြင့် ထိုအုပ်စုများ၏ အရေးကိစ္စကို ထည့်သွင်းပါဝင်စေသင့်သည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းအခင်းအကျင်းနှင့် အခြေခံအဆောက်အဦများအား သီးခြားလိုအပ်ချက်ရှိသူ များအတွက် အဆင်ပြေစေရန် စီစဉ်ထားကြောင်း သေချာစေသင့်သည်။ ထို့ပြင် ထိုသူများနှင့် အုပ်စုများအား ရေ ရယူ သည့်နေရာ၊ ပစ္စည်း ဖြန့်ဝေပေးသည့်နေရာ၊ ဆေးခန်းနှင့် ရုံးများ စသော ဝန်ဆောင်မှုများနှင့် နီးသည့်နေရာတွင် နေထိုင်စေရမည်။ ဤသို့ဖြင့် ၎င်းတို့၏ လက်လှမ်းမီမှု၊ ပူးပေါင်းပါဝင်မှု နှင့်တကွ ကာကွယ်စောင့်ရှောက်မှု ရရှိရေးကို ပံ့ပိုးပေးနိုင်ပေမည်။ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများတွင် ဘေးကင်းလုံခြုံသည့်နေရာ ချထားပေး နိုင်ရန်မှာ စိန်ခေါ်မှု ဖြစ်နိုင်သဖြင့် အထူးအာရုံစိုက်ရန်လိုပေသည်။
- စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် သီးခြားလိုအပ်ချက်ရှိနေသူများအား ဖေါ်ထုတ်ကူညီပေးနိုင်ရန်အတွက် အခြားကဏ္ဍများနှင့် ညှိနှိုင်း၍ လူထုအခြေပြုလုပ်ငန်းများအပြင် တစ်ဦးချင်း အရေးကိစ္စများကို စီမံပေးသည့်စနစ်များ ရှိနေစေရမည်။

## မိတ်ဆက်

စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းအား သီးခြားလိုအပ်ချက်ရှိသူများအပါအဝင် စခန်းလူထုအားလုံးအတွက် ကာကွယ် စောင့်ရှောက်မှုပေးနိုင်သော ပတ်ဝန်းကျင်မျိုး ဖြစ်စေရန် စခန်းအဆင့်ညှိနှိုင်းမှုများမှတစ်ဆင့် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အခြေအနေများအရ စခန်းရှိ မည်သူမဆို ထိခိုက်ခံရလွယ်သူ၊ အန္တရာယ်ကျရောက်နိုင်သူ၊ သီးခြား လိုအပ်ချက်ရှိသူ ဖြစ်နိုင်သည်။ အားလုံးအတွက် ခြုံငုံ၍ ကာကွယ်စောင့်ရှောက်ပေးမှုနှင့် သီးခြားလိုအပ်ချက်ရှိသူများ အတွက် ကာကွယ်စောင့်ရှောက်ပေးမှုတို့မှာ

ဆက်နွယ်နေသည်။ လုပ်ငန်းလုပ်ဆောင်နေသူအားလုံးသည် လုပ်ငန်းတိုင်း၌ ထိုအရေးကိစ္စကို ထည့်သွင်းပါဝင်စေရမည်။ ဥပမာ - ကိုယ်အင်္ဂါမသန်စွမ်းသူများမှ ပစ္စည်းဖြန့်ဝေပေးမှုများကို လက်လှမ်းမီရယူနိုင်ရန်အတွက် တန်းစီရန် သီးခြားလိုင်းတစ်ခု သတ်မှတ်ပေးရမည်။ ဤအခန်းတွင် စခန်းအခြေအနေ ၌ သီးခြားလိုအပ်ချက်ရှိနိုင်သော အုပ်စုအချို့နှင့် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၏ တာဝန်ဝတ္တရားများကို ဆန်းစစ်ဖေါ်ပြ ထားသည်။ သီးခြားလိုအပ်ချက်ရှိသူများ၏ အခွင့်အရေးကို လေးစားဖြည့်ဆည်းပေးနိုင်ရန် ကဏ္ဍတစ်ခုချင်းစီအတွက် လက်တွေ့အစီအမံများကို အဓိကအားဖြင့် နည်းပညာဆိုင်ရာအခန်းများတွင် ဖေါ်ပြပေးထားသည်။

အောက်တွင်ဖေါ်ပြထားသောဇယားမှာ နောက်ခံအခြေအနေအရ သီးခြားလိုအပ်ချက်ရှိနိုင်သူ အမျိုးအစား အုပ်စုများ ကို ဥပမာ ပေးထားသည်။ အမျိုးအစားအားလုံးနှင့် အုပ်စုအချို့ကို ဤအခန်းတွင် ဖေါ်ပြဆွေးနွေးထားသည်။

| လူဦးရေ အမျိုးအစား | သီးခြားလိုအပ်ချက်ရှိသည့်အုပ်စု |
|---|---|
| ယောကျ်ားလေးများနှင့် မိန်းကလေးများ | အတူလိုက်ပါစောင့်ရှောက်သူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများ<br>ယခင်က လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်ခဲ့သော ကလေးများ<br>ကလေးဦးဆောင်သော အိမ်ထောင်စုများ<br>ကလေး အိမ်ထောင်သည်များ<br>ကိုယ်ဝန်ရှိနေသော မိန်းကလေးများ<br>ကျားမလူမှုကဏ္ဍကွဲပြားမှုကြောင့် အကြမ်းဖက်ခံခဲ့ရသော ကလေးများ |
| လူငယ်များ | ကျောင်းမနေသော၊ အလုပ်မရှိသော လူငယ်များ<br>ယခင်က လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်ခဲ့သော လူငယ်များ |
| အမျိုးသမီးများ | မုဆိုးမများအပါအဝင် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများ<br>အမျိုးသားထံမှ အထောက်အပံ့မရှိသော အမျိုးသမီးများ<br>ယခင်က လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်ခဲ့သော အမျိုးသမီးများ<br>ကျားမလူမှုကဏ္ဍ ကွဲပြားမှုကြောင့် အကြမ်းဖက်ခံခဲ့ရသော အမျိုးသမီးများ<br>ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ |
| သက်ရွယ်ကြီးသူများ | မိသားစု မရှိသော၊ ရပ်ရွာ အထောက်အပံ့မရှိသော သက်ရွယ်ကြီးသူ များ<br>အသက် ၁၈ နှစ်အောက်ကလေးများကို တာဝန်ယူနေရသော သက်ရွယ်ကြီးသူများ |
| ကျန်းမာရေးချို့တဲ့သူများ၊ မသန်စွမ်းသူများ နှင့် ထိခိုက်ခံစားရသူများ | မိသားစု မရှိသော၊ ရပ်ရွာ အထောက်အပံ့မရှိသော ကျန်းမာရေး ချို့တဲ့ သူများ၊<br>ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ<br>စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ<br>HIV/AIDS ရောဂါရှိနေသူများ သို့မဟုတ် ကူးစက်ရန် အန္တရာယ် ရှိသူများ<br>နှိပ်စက်ညှင်းပမ်းခြင်း ခံခဲ့ရသူများ |
| လူနည်းစု အုပ်စုဝင်များ | လူမျိုးစုငယ်များ၊ နိုင်ငံငယ်မှ နိုင်ငံသားများ<br>လူနည်းစု ဘာသာရေးအုပ်စုဝင်များ<br>လူနည်းစု ဘာသာစကား အုပ်စုဝင်များ<br>ရွှေ့ပြောင်းသွားလာနေထိုင်လေ့ရှိသူများ၊ ကျေးလက်နေသူများ<br>ယောကျ်ားလျာ၊ မိန်းမလျာ၊ လိင်ဆက်ဆံမှု နှစ်မျိုးလုံးရှိသူ၊ လိင်ပြောင်း ထားသူများ၊ လိင်နှစ်မျိုးလုံးရှိသူများ |
| အမျိုးသားများ | လုပ်ပိုင်ခွင့်မရှိသော အမျိုးသားများ<br>လိင်မှုဆိုင်ရာ အကြမ်းဖက်ခံခဲ့ရသော အမျိုးသားများ<br>အမျိုးသား တစ်ဦးတည်း ဦးဆောင်သော အိမ်ထောင်စုများ |

### ထိခိုက်လွယ်မှုဆိုသည်မှာ အဘယ်နည်း

နိုင်ငံတကာကြက်ခြေနီကော်မီတီ (ICRC) က ထိခိုက်လွယ်မှု (Vulnerability) အား အဓိပ္ပါယ်သတ်မှတ်ဖော်ပြထားသည်မှာ တစ်စုံတစ်ယောက် သို့မဟုတ် အုပ်စုတစ်ခုတွင် သဘာဝကြောင့် သို့မဟုတ် လူတို့ကြောင့်ဖြစ်ရသော ဘေးဒုက္ခများအတွက် ကြိုတင်ပြင်ဆင်ရန်၊ ရင်ဆိုင်ရပ်တည်နိုင်ရန်၊ ခုခံတွန်းလှန်နိုင်ရန်၊ ပြန်လည်နလံထူနိုင်ရန် စွမ်းရည်များ လျော့နည်းနေခြင်းကို ဆိုလိုသည်။

စခန်းအခြေအနေတွင် လူများသည် အရေးပေါ်အခြေအနေ မဖြစ်ပွားမီက ရှိခဲ့သော ထိခိုက်လွယ်မှုအပြင် အရေးပေါ်အခြေအနေကြောင့် ပြောင်းလဲမှုများနှင့် ဆက်နွယ်၍ သီးခြားလိုအပ်ချက်များ ရှိလာနိုင်သည်။ သီးခြားလိုအပ်ချက်ရှိသူအားလုံးကို ကာကွယ်စောင့်ရှောက်နိုင်ရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းလုပ်ငန်းများ စတင်သည်နှင့် တတ်နိုင်သရွေ့ အမြန်ဆုံး ထိုသူများနှင့် ၎င်းတို့၏ ထိခိုက်လွယ်မှုများကို စာရင်းပြုစုထားရန် အရေးကြီးသည်။

အရေးပေါ်ကာလတွင် ဓလေ့ထုံးစံအရ မိသားစု၊ မိတ်ဆွေ၊ အိမ်နီးချင်း စသူတို့၏ ပံ့ပိုးထောက်ကူမှုများ ပျောက်ကွယ်လျော့ပါးသွားပြီး ကာကွယ်စောင့်ရှောက်မှုအတွက် ပြင်ပလူများအပေါ် မှီခိုလာရသည့်အခါ သီးခြားလိုအပ်ချက်ရှိသူများ၏ ထိခိုက်လွယ်မှုမှာ စတင်လာနိုင်သည်။ သို့မဟုတ် တိုးမြင့်လာနိုင်သည်။ ရေရှည်တည်တန့်နိုင်သည့် အကောင်းဆုံး ဖြေရှင်းမှုမှာ ကျန်ရှိနေသေးသော မိသားစု သို့မဟုတ် ယုံကြည်စိတ်ချရမည့် ပတ်ဝန်းကျင် လူမှုကွန်ယက်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်ဖြစ်ပေမည်။

ကြောက်ရွံ့မှု၊ ဆုံးရှုံးမှုနှင့် တင်းမာမှုများကြောင့် ယဉ်ကျေးမှု၊ ကျင့်ဝတ်နှင့် လူမှုရေးတန်ဖိုးများ ပြိုကွဲသွားနိုင်သည့် နောက်ခံအခြေအနေတွင် လျစ်လျူရှုမှု၊ အကြမ်းဖက် အနိုင်အထက်ပြုမှုတို့ကြောင့် ဘဝအတွက် နောက်ထပ် အန္တရာယ်များ ရှိလာနိုင်သည်။ ထိုအတွက် လူထုထဲမှ ထိခိုက်အလွယ်ဆုံးသူများကို ကာကွယ်ပေးရန် လိုအပ်သည်။ အကယ်၍ လူထုအမျိုးအစားနှင့် အုပ်စုများအတွင်း မတူညီသော ထိခိုက်လွယ်မှုများကြောင့် ဖြစ်လာနိုင်သော နောက်ဆက်တွဲပြဿနာများကို ဂရုမပြုမိဘဲ ကူညီကာကွယ်မှုမရှိပါက ၎င်းတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာ ရေး၊ ကောင်းမွန်သော ဘဝနှင့် အခြေခံလူအခွင့်အရေးများ လက်လှမ်းမီ ရရှိနိုင်မှုတို့ကို ဆိုးရွားစွာထိခိုက်နိုင်ပြီး တစ်ခါတစ်ရံ အသက်အန္တရာယ်အထိရှိသော သက်ရောက်မှုများ ဖြစ်စေနိုင်ပါသည်။

သီးခြားလိုအပ်ချက်ရှိသူများမှာ သင့်လျော်သော ဆက်သွယ်ရေးလမ်းကြောင်းများကို လက်လှမ်းမမီဘဲရှိနိုင်သည်။ သို့မဟုတ် ပြန်လည်ထူထောင်နိုင်ရန် နှင့် မိမိတို့၏ လိုအပ်ချက်ကို ထုတ်ဖော်ရန် စွမ်းရည်များ မရှိခြင်းလည်းဖြစ်နိုင် သည်။ ထို့အတူ အသက်အရွယ်၊ ဘာသာစကား အခက်အခဲ၊ မသန်စွမ်းမှု၊ နှိမ့်ချခွဲခြားခံရမှု၊ ကြောက်ရွံ့မှုတို့ကြောင့် ထုတ်ဖော်မပြောဆိုနိုင်ခြင်းလည်း ဖြစ်နိုင်သည်။ ၎င်းတို့၏ မတူညီသော ထိခိုက်လွယ်မှုနှင့် လိုအပ်ချက်များကြောင့် အကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ လက်ခံရရှိရမည့် မိမိတို့၏ အခွင့်အရေးများကို မသိရှိကြခြင်း၊ မကျေနပ် ချက်များကို မတိုင်ကြားနိုင်ခြင်း၊ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ၌ ၎င်းတို့အတွက် တာဝန်ရှိနေသည်ကို သတိမပြုမိခြင်း လည်း ဖြစ်နိုင်သည်။

အချက်အလက်များ ကောက်ယူပြီး ဆန်းစစ်လေ့လာရာတွင် သီးခြားလိုအပ်ချက်ရှိသည့် အုပ်စုများအတွက် ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည့် အန္တရာယ်ကျရောက်နိုင်ခြေများ သာမကဘဲ ထိုအုပ်စုများအတွင်းရှိ တစ်ဦးချင်း၏ အန္တရာယ်ကျရောက်နိုင်ခြေများကိုပါ ဆန်းစစ်လေ့လာရန် မဖြစ်မနေလိုအပ်သည်။ သီးခြားလိုအပ်ချက်များမှာ စခန်း၏ အခြေအနေအဆင့်နှင့် လူထု၏ ဘဝအခြေအနေ တစ်ခုမှတစ်ခု ပြောင်းလဲမှုတို့အပေါ်မူတည်၍ အချိန်အလိုက် ပြောင်းလဲ နိုင်ကြောင်းကိုလည်း မှတ်သားထားရန် အရေးကြီးသည်။ ဥပမာ - ယောက်ျားလျာ၊ မိန်းမလျာ၊ လိင်နှစ်မျိုးလုံး ဆက်ဆံသူ၊ လိင်ပြောင်းထားသူ သို့မဟုတ် လိင်နှစ်မျိုးရှိသူတို့မှာ ၎င်းတို့အား လက်ခံသည့်ရပ်ရွာမှ ခွဲခွာရပါက ပို၍ ထိခိုက်ခံစားရနိုင်သည်။ အရေးပေါ်အခြေအနေကြောင့် ဖြစ်ပေါ်ခံစားရသည့် ပြဿနာများအပြင် နှိမ့်ချခွဲခြားဆက်ဆံမှု ကိုလည်း ရင်ဆိုင်ရပေမည်။ ထို့အတူ မွေးစားမိသားစုနှင့် စခန်းတွင် နေထိုင်သည့် ကလေး သို့မဟုတ် လူငယ်တစ်ဦးသည် နေရပ်ပြန်သည့်အခါ သို့မဟုတ် ပြန်လည်နေရာချထားသည့်အခါ မတူညီသော လိုအပ်ချက်များ ရှိလာနိုင်သည်။

စခန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအားလုံးမှာ စခန်းရှိ အုပ်စုနှင့် လူအားလုံး၏ ကာကွယ်စောင့်ရှောက်မှု နှင့် အခွင့်အရေးများ ထိမ်းသိမ်းပေးရေး အတွက် ကျွမ်းကျင်မှုရှိသူများ ဖြစ်ကြောင်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် သေချာစေရမည်။

သီးခြားလိုအပ်ချက်ရှိသူများမှာ ၎င်းတို့၏ ထိခိုက်လွယ်မှုနှင့် လိုအပ်ချက်များကြောင့် စခန်းရှိ အခြား သူများထက် လုပ်ပိုင်ခွင့်နည်းပါးသူများဖြစ်သဖြင့် အထူးအာရုံစိုက်မှုကို လိုအပ်သည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီဂန်ထမ်းများနှင့် ဂန်ဆောင်မှုပေးသည့်အဖွဲ့အားလုံးမှ ဂန်ထမ်းများသည် အကန့်အသတ်ဖြင့် သာရရှိနိုင်သည့် ရင်းမြစ်များအား ရရှိနိုင်ခွင့်အတွက် ထိမ်းချုပ်ပေးအပ်ရသူများ ဖြစ်ကြောင်း သတိပြုမိရန်လိုသည်။ မိမိတို့နှင့် စခန်းလူထုအကြား စွမ်းရည်အင်အား မညီမျှသည်ကိုလည်း သိထားရန်လိုသည်။ မညီမျှမှုမှာ လူထုနှင့် သီးခြားလိုအပ်ချက်ရှိသူများအကြားရှိ မညီမျှမှုထက်ပင် ပို၍ ကြီးမားပေသည်။ ထို့ကြောင့် ၎င်းတို့အနေနှင့် ကျင့်ဂတ် နှင့်ညီညွတ်ပြီး တာဂန်ခံယူမှုရှိစွာဖြင့် အစဉ်လုပ်ကိုင်ဆောင်ရွက်ရပေမည်။ ထိုအတွက် သင်တန်းများ၊ အသိပညာ မြှင့်တင်မှုများနှင့် ကျင့်ဂတ်စည်းမျဉ်းကို လက်မှတ်ရေးထိုးလိုက်နာခြင်းတို့ကို လိုအပ်ပေသည်။

☛ စခန်းစီမံခန့်ခွဲမှုအေဂျင်စီဂန်ထမ်းများအတွက် လိုအပ်ချက်များကို ပိုမိုသိရှိလိုပါက - အခန်း (၂) အခန်းကဏ္ဍနှင့် တာဂန်ဂတ္တရားများတွင် ကြည့်ပါ။

## အဓိက အရေးကိစ္စများ

## သီးခြားလိုအပ်ချက်ရှိသူအားလုံးအတွက် တာဂန်ရှိမှု

သီးခြားလိုအပ်ချက်ရှိသူများအား ကာကွယ်ပေး၍ ၎င်းတို့မှ ပူးပေါင်းပါဂင်စေနိုင်သော အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းသက်တမ်းတစ်လျှောက် ထိုအုပ်စုအားလုံးအပေါ် အာရုံစိုက်မှု ရှိရပေမည်။ သီးခြား လိုအပ်ချက်ရှိသူများအား ကာကွယ်ပေးခြင်းကို အေဂျင်စီ၏ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သတင်း အချက်အလက် စီမံခန့်ခွဲခြင်း၊ ဂန်ဆောင်မှုများအား စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြေခံအဆောက်အဦများ ထိမ်းသိမ်း ခြင်း နှင့် စခန်းပိတ်သိမ်းခြင်းလုပ်ငန်းများတွင် ထည့်သွင်း၍ ဆောင်ရွက်ရမည်။ သီးခြားလိုအပ်ချက်ရှိသူများအဖို့ စခန်း တွင်း လူမှုဘဂတွင် ခွဲခြားနှိမ်ချမှုမရှိဘဲ ဂန်ဆောင်မှုများ ညီမျှစွာ လက်လှမ်းမီစေရန်အတွက် သိမှတ်ဆောင်ရွက် ပေးရန် စခန်းစီမံခန့်ခွဲမှုအေဂျင်စီတွင် အဓိကတာဂန်ရှိပေသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့ကို သေချာစေရမည်။

- စခန်းလူထုအား စာရင်းပြုစု မြေပုံဆွဲမှတ်သားခြင်း၊ မှတ်ပုံတင်ခြင်းတို့မှတစ်ဆင့် သီးခြားလိုအပ်ချက်ရှိသူများအား ပြည့်စုံစွာ ဖေါ်ထုတ်မှတ်တမ်းတင်ထားပြီး ဂန်ဆောင်မှုပေးသူများထံ အချက်အလက်များ မျှဂေပေးရမည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် အောက်ပါတို့ကို ဦးစွာဆောင်ရွက်ရမည်။
  - စခန်းစီမံခန့်ခွဲမှုအေဂျင်စီ ဂန်ထမ်းများနှင့် အထူးပြုအေဂျင်စီများမှ ဂန်ထမ်းများသည် သီးခြားလိုအပ်ချက်ရှိသူများအား ဖေါ်ထုတ်ရန်၊ အမျိုးအစားခွဲခြားရန်၊ နောက်ခံအခြေအနေအလိုက် ထိခိုက်ခံစားရနိုင်ခြေ နှင့် သိသာမြင်သာခြင်း မရှိသော အချက်ပြမှုများ၊ အုပ်စုအားလုံးနှင့် တစ်ဦးချင်းစီတို့၏ အခွင့်အရေးများနှင့် ထိုအခွင့်အရေးများအား ထိမ်းသိမ်းပေးနိုင်စေရေး တို့အတွက် သင်တန်းရရှိထားပြီး ဖြစ်စေရန်
  - သီးခြားလိုအပ်ချက်ရှိသူများအဖြစ် သတ်မှတ်ရန် စံပြုအချက်များနှင့် သင့်လျော်သော ဆောင်ရွက်ပေးမှုများကို ကျန်းမာရေးဂန်ကြီးဌာနနှင့် ရွှေ့ပြောင်းနေထိုင်ရသူများ အပါအဂင် ပတ်သက်သူအားလုံးမှ ရေးဆွဲပြုစု၍ သဘောတူညီထားပြီး ဖြစ်စေရန်
  - ဆန်းစစ်မှုအားလုံးအတွက် အသက်၊ ကျားမ နှင့် ကွဲပြားခြားနားမှုများအား ထည့်သွင်းစဉ်းစား ဆောင်ရွက်သည့် နည်းလမ်း (AGDM) ကို ရေးဆွဲပြုစုထားပြီး ဖြစ်စေရန်
- အချက်အလက်များကို ဂန်ဆောင်မှုပေးသူ အမျိုးမျိုးအကြား သင့်လျော်သလို လျှို့ဂှက်ချက်ထိမ်းသိမ်းမှုဖြင့် လွှဲပြောင်းမျှဂေပေးခြင်းဖြင့် ထိခိုက်လွယ်မှုကို ပြည့်စုံစွာ ဖေါ်ထုတ် စာရင်းပြုစုရမည်။
- စခန်းလူထု ရင်ဆိုင်ရသော ထိခိုက်လွယ်မှုများ၊ တစ်ဦးချင်းကိစ္စများနှင့်တကွ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပူပန်စရာအချက်များကို မှတ်ပုံတင်စာရင်းထားရှိပြီး အထူးပြုဆောင်ရွက်သူများထံ ညွှန်းပို့ပေးရမည်။
- အထူးပြုဆောင်ရွက်သူများက တစ်ဦးချင်းအတွက် သင့်လျော်သလို ဆက်လက်ဆောင်ရွက်ပေးရမည်။ စိတ်ချ အားထားနိုင်ပါက သီးခြားလိုအပ်ချက်ရှိသူများ၏ မိသားစုနှင့် အသိုက်အဂန်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်။
- သီးခြားလိုအပ်ချက်ရှိသူများအတွက် ဘေးကင်းလုံခြုံပြီး အသုံးအဆောင်နှင့်ဂန်ဆောင်မှုများကို ဂုဏ်သိက္ခာရှိစွာရယူနိုင်စေရန်

အတွက် စခန်း၏ ဒီဇိုင်းပုံစံနှင့် အခင်းအကျင်းအား ပြင်ဆင်မွမ်းမံရမည်။

- သီးခြားလိုအပ်ချက်ရှိသူများအား ကာကွယ်စောင့်ရှောက်ခြင်း၊ လုပ်ပိုင်ခွင့်အပ်နှင်း၍ ပူးပေါင်းပါဝင်စေခြင်းတို့ကို နည်းပညာကဏ္ဍများနှင့် စခန်းလုပ်ငန်းများတွင် ထည့်သွင်းရမည်။ ထိုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ဆန်းစစ်မှုများ၊ မကျေနပ်ချက်များတိုင်ကြားရန် အစီအမံ၊ အစီအစဉ်များ ရေးဆွဲခြင်း၊ ဆောင်ရွက်ခြင်း၊ စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ပါဝင်သည်။

- သီးခြားလိုအပ်ချက်ရှိသူများမှ ကိုယ်စားပြုပါဝင်သည့် ကော်မတီများ ထူထောင်ပြီး သီးခြားလိုအပ်ချက်ရှိသူများမှ စခန်းစီမံအုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်ဆောင်ရွက်ရန်
- သီးခြားလိုအပ်ချက်ရှိသူများကိုယ်တိုင်နှင့် မိသားစုဝင်များ၊ ဆွေမျိုးများနှင့် အသိုက်အဝန်းမှ ကောင်းစွာ ဆောင်ရွက်နိုင်သော ရပ်တည်ရှင်သန်နိုင်ရေး နည်းလမ်းအစီအမံများကို ပံ့ပိုးပေးပြီး စောင့်ကြည့်ကြီးကြပ်ပေးရန်
- စခန်းတွင်ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် ဆိုင်သည့်အချက်အလက်များကို သီးခြားလိုအပ်ချက်ရှိသူများမှ ရရှိနိုင်ရန်
- ရွှေ့ပြောင်းနေထိုင်ရသည့်လူထုနှင့် အိမ်ရှင်လူထုအတွင်း မနစ်မြို့မှုနှင့် ပဋိပက္ခများ မဖြစ်ပွားစေရန်အတွက် သီးခြားလိုအပ်ချက်ရှိသူများနှင့် ပတ်သက်၍ သိနားလည်မှုကို မြှင့်တင်ပေးရန်
- သီးခြားလိုအပ်ချက်ရှိသူများအတွက် စခန်းသက်တမ်း အဆင့်အလိုက် ပြောင်းလဲနေသော ထိခိုက်လွယ်မှု နှင့် လိုအပ်ချက်များကို သိရှိရန်

## သီးခြားလိုအပ်ချက်ရှိသည့် သီးခြားအုပ်စုများအတွက် တာဝန်ရှိမှု

စခန်းတွင် ကာကွယ်စောင့်ရှောက်မှုနှင့် အကူအညီလိုအပ်မှုများမှာ နောက်ခံအခြေအနေပေါ်တွင် မူတည်နေပြီး အန္တရာယ် ကျရောက်နိုင်ခြေရှိသူများမှာလည်း မည်သည့်အခြေအနေအတွက်မဆို ကွဲပြားနိုင်ပေသည်။ အခြေအနေ အလိုက် သီးခြားကာကွယ် စောင့်ရှောက်မှုနှင့် အထူးအာရုံစိုက်မှုကို လိုအပ်သူအချို့အကြောင်းကို အောက်တွင် ဆက်လက်၍ ဖော်ပြထားပါသည်။

### ယောက်ျားလေးများနှင့် မိန်းကလေးများ

**ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ယူဂန်ဒါနိုင်ငံ မြောက်ပိုင်းတွင် ယောက်ျားလေးများနှင့် မိန်းကလေး များအား ကာကွယ်စောင့်ရှောက်ရာတွင် တွေ့ရှိရသော စိန်ခေါ်မှုများ**

ပဋိပက္ခများဖြစ်ပွားပြီးနောက် ယူဂန်ဒါနိုင်ငံ မြောက်ပိုင်းတွင် နေရပ်ပြန်ရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နေသည့် စခန်းကြီးတစ်ခု၌ ငြိမ်းချမ်းရေးသဘောတူညီချက်၏ ရေရှည်တည်တန့်မှုအတွက် ကြောက်ရွံ့မှုနှင့် မလုံခြုံမှု များကို ခံစားနေရဆဲဖြစ်သည်။ စခန်းလူထုသည် နေရပ်သို့ပြန်နိုင်ရန် ကြားစခန်းများသို့ ပြောင်းရွှေ့နေကြသည်။ ကျွန်ုပ်တို့က သက်ရွယ်ကြီးသူများ ကော်မီတီနှင့် မေးမြန်းပြောဆိုရာတွင် ၎င်းတို့က ရှင်းပြသည်မှာ ထိုကြားစခန်း များသည် လက်ရှိစခန်းနှင့် နေရင်းဒေသများ၏ အကြားတွင်ရှိ၍ မိမိတို့၏ အနာဂါတ်ကို ပြန်လည်စတင်တည်ဆောက် နိုင်ကြရန် ဖြစ်သည်။ ထိုကြားစခန်းများမှာ နေရင်းဒေသနှင့် နီးကပ်၍ ပြန်လည်စိုက်ပျိုးလုပ်ကိုင်ရန် အခွင့်အလမ်းရ စေပြီး မူလရွာများကို သွားကြည့်နိုင်သည်။ နေထိုင်ရန် လုံခြုံမှုမရှိဟု ခံစားရပါက ညအချိန်တွင် အကူအညီနှင့် လုံခြုံမှု များရှိသော စခန်းကြီးဆီသို့ ပြန်လာနိုင်သည်။

ထိုသို့ ကြားစခန်းများ ထားရှိပေးခြင်းမှာ အကျိုးများစွာရှိသော်လည်း တစ်ဖက်တွင် စိန်ခေါ်မှုများလည်း ရှိနေသည်။ ကြားစခန်းများတွင် အချိန်အပိုင်းအခြားဖြင့် သွားရောက်နေထိုင်ကြသည်မှာ မိဘများ (အများအားဖြင့် အမျိုးသားများ) ဖြစ်ကြသည်။ ကလေးများနှင့် ဆယ်ကျော်သက် အများစုအနေနှင့် သူတို့မွေးစဉ်ကပင် နေထိုင်ခဲ့ပြီး ကျောင်းများ ဖွင့်လှစ် ပေးထား၍ ပစ္စည်းများဖြန့်ဝေပေးနေကာ ဝန်ဆောင်မှုများလည်းရှိသည့် မူလစခန်းကြီးတွင် ကျန်နေခဲ့ကြသည်။ သို့သော် မိဘများအနီးအနားတွင် မရှိသည့်အခါ မိန်းကလေးများနှင့် အမျိုးသမီးငယ်များအတွက် အန္တရာယ်မြင့်မားစေသည်။

သက်ရွယ်ကြီးသူများကော်မီတီက ပြောပြသည်မှာ ဘိုးဘွားများသည် ငယ်ရွယ်သူများကို ထိမ်းကျောင်းရသူများဖြစ်လာတတ်ပြီး လုံလောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပေ။ ရွှေ့ပြောင်းနေထိုင်ရမှုသည် လူမှုရေးဖွဲ့စည်းမှုများနှင့် ကျင့်ဝတ်မူဘောင်များကို ထိခိုက်ပျက်စီးစေသည်။ အကြမ်းဖက်မှုနှင့် အနိုင်အထက်ပြုမှုများ မကြာခနဖြစ်ပွားသည်။ စခန်းလူထုအတွင်းမှ လူငယ်များသည် မူဒိမ်းမှုများကျူးလွန်၍ မိန်းကလေးများကို ဖျက်ဆီးထားရစ်တတ်ကြသည်။ ၄င်းတို့က ပြောပြသည်မှာ ထိုသို့သော အနိုင်အထက်ပြုမှုများကြောင့် ပဋိပက္ခများနှင့် အတင်းအကျပ် အိမ်ထောင်ချပေးမှုများ ဖြစ်ပေါ်စေသည်။ မိန်းကလေးများ၏ မိဘများမှာ နေရပ်ပြန် ယာယီစခန်းများမှ တစ်ဆင့် မိမိတို့၏ ဘဝကို ပြန်လည်ထူထောင်ရန် နှင့် စခန်းတွင် ဆက်လက်နေထိုင်ပြီး သမီးများကို စောင့်ရှောက်ရန် နှစ်ခုကြားတွင် ခက်ခဲသော ရွေးချယ်မှုနှင့် ရင်ဆိုင်ကြရသည်။ စခန်းရှိ သက်ရွယ်ကြီးသူများနှင့် ပြောဆိုဆွေးနွေးမှုအရ မိန်းကလေးများအား လုံလောက်စွာ ကာကွယ်ပေးနိုင်ရန်နှင့် ဘိုးဘွားများကို ပံ့ပိုးပေးရန်အတွက် လူထုအခြေပြုသည့် ဖြေရှင်းနည်းများ ရှာဖွေရန် လိုအပ်ကြောင်း ရှင်းလင်းစွာ ညွှန်ပြနေပေသည်။

ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူညီချက်၏ သတ်မှတ်ချက်အရ အသက် ၁၈နှစ်အောက်ရှိ ကလေးနှင့် ဆယ်ကျော်သက်အားလုံး (UNICEF မှ ကလေးများကို ၁၀နှစ်မှ ၁၉နှစ်အတွင်း အဆင့် ၃ ဆင့် သတ်မှတ်သည်။) သည် ၄င်းတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီနိုင်ရန်အတွက် အထူးဂရုပြု စောင့်ရှောက်မှုကို လိုအပ်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကလေးများ၏ အသက်အပိုင်းအခြား သတ်မှတ်မှု နှင့်ပတ်သက်၍ အမျိုးမျိုး ကွဲလွဲနေတတ်သည့် ဓလေ့ထုံးစံများအတွင်း ဤသတ်မှတ်ချက်အရ ထိမ်းသိမ်းရပ်တည်ရန် ကြိုးစားရမည်။ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူ သို့မဟုတ် ဒုက္ခသည်များ၏ ကလေးများသည် ရွှေ့ပြောင်းနေထိုင် ရမှု၊ မိသားစုကွဲကွာမှု နှင့် လူမှုအဖွဲ့အစည်းပုံစံတို့ကြောင့် ပို၍ အန္တရာယ်တွေ့ကြုံနိုင်သည်။ ထို့ပြင် ထိုအခြေအနေမျိုးတွင် ဖြစ်ပေါ်တတ်သည့် အရင်းအမြစ်များ ရှားပါးခြင်းကြောင့်လည်း ပို၍ အန္တရာယ်ရှိနိုင်သည်။

ကာလကြာရှည်သော ရွှေ့ပြောင်းနေထိုင်ရမှုများတွင် ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ရသူ သို့မဟုတ် ဒုက္ခသည် ကလေးများသည် နောက်ထပ် အကြမ်းဖက်မှုများ၊ လိင်မှုဆိုင်ရာ အနိုင်အထက်ပြုမှုများ၊ အမြတ်ထုတ်ခြင်းများနှင့် တွေ့ကြုံရနိုင်သည်။ မွေးစာရင်းနှင့် အထောက်အထားများ ရရှိရန် သို့မဟုတ် ကျောင်းနေရန် ငြင်းဆိုခြင်း ခံရနိုင်သည်။ ကျောင်းပတ်ဝန်းကျင်သည် ဘေးကင်းလုံခြုံမှုမရှိဘဲ အမြတ်ထုတ်ခြင်း၊ အနိုင်အထက် ပြုခြင်းများ တွေ့နိုင်သည်။ ထိုအခြေအနေများတွင် အထူးအဖွဲ့အစည်းများအား ကလေးများ၏ သာယာဝပြောရေးနှင့် ကာကွယ်ပေးမှုအတွက် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များကို ဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်သည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု၊ မိသားစုဝင်များအား ခြေရာကောက် ရှာဖွေခြင်း၊ ပြန်လည်ပေါင်း စည်းပေးခြင်း၊ လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်နေခဲ့သောကလေးများကို အခြားအထူးပံ့ပိုးမှုများပေးခြင်း သို့မဟုတ် စိတ်ပါဝင်စားမှု အရှိဆုံးအရာအတွက် ဆုံးဖြတ်နိုင်စေခြင်း (BID) စသည့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်မှုလုပ်ငန်းများကို အထူးအဖွဲ့အစည်းများနှင့် တွဲဖက်၍ နီးကပ်စွာ ဆောင်ရွက်ရန် ဖြစ်သည်။

အချိန်တို ရွှေ့ပြောင်းနေထိုင်ရမှုများတွင်လည်း စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် စခန်းတွင်း၌ ကလေးများအနေနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် မတွေ့ကြုံစေရန် နှင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော ကလေးများကို ဖေါ်ထုတ်၍ ၄င်းတို့၏ လိုအပ်ချက်ကို ဆန်းစစ်ပြီး လိုအပ်သလို အကူအညီများပေးအပ်ရန် တာဝန်ရှိပေ သည်။ လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် ညှိနှိုင်း၍ အကူ အညီများ ရယူဆောင်ရွက်ရပေမည်။ ထို့အတူ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကလေးများအား မိမိတို့၏ ဘဝအပေါ် သက်ရောက်စေမည့် ကိစ္စများ၊ စခန်းတွင်း နေထိုင်မှုဘဝနှင့် ကာကွယ်စောင့်ရှောက်မှုတို့အတွက် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ကြစေရန် တာဝန် ရှိပေသည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် သီးခြားလိုအပ်ချက်ရှိသူ အားလုံးအတွက် တာဝန်ရှိပေသည်။ ထို့ပြင် ကလေးများအား ကာကွယ်မှုပေးသည့် ပတ်ဝန်းကျင် ဖြစ်လာစေရန် အထူးလုပ်ငန်းအဖွဲ့များမှ အောက်ပါလုပ်ငန်းများ၌ ပါဝင်ကူညီ ကြစေရန်အတွက်လည်း ဦးတည်လုပ်ဆောင်ရန် လိုအပ်သည်။

- ➔ မွေးဖွားမှု မှတ်ပုံတင်၍ မွေးစာရင်း ရရှိခွင့်
- ➔ စခန်းတွင်း၌ ကလေးပျော်နေရာများနှင့် လှုပ်ရှားမှုများ ဖန်တီးပေးရန်
- ➔ စခန်းတွင်း၌ သို့မဟုတ် အနီးအနား၌ အားလုံး ပါဝင်သင်ယူနိုင်မည့် ပညာရေး အစီအစဉ်များ ထူထောင်ရန်

- ကာကွယ်စောင့်ရှောက်မှုအတွက် နည်းလမ်းတစ်ရပ်အနေနှင့် ပညာရေးအကြောင်း ပိုမို သိရှိလိုပါက - အခန်း (၁၇) ပညာရေး - တွင်ကြည့်ပါ။

ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များအတွက် ဆောင်ရွက်သည့်အခါ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ကလေးအနေနှင့် စိတ်ပါဝင်စားမှု အရှိဆုံးအရာအတွက် ဆုံးဖြတ်နိုင်စေခြင်း (BID) သဘောတရားကို လိုက်နာရပေမည်။ ဆိုလိုသည်မှာ ကလေးအတွက် သက်ရောက်စေမည့် ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ငန်းများတွင် ကလေး၏ စိတ်ပါဝင်စားမှု အရှိဆုံးများကို အဓိက ရည်ရွယ်ချက်ထား၍ ဆောင်ရွက်ပေးရန်ဖြစ်သည်။ ထိုသဘော တရားကို ကလေးများ၏ ကာကွယ်ပေးမှုနှင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကိစ္စအားလုံးတွင် ပြန့်နှံ့စေရမည်။

- ကလေး၏ စိတ်ပါဝင်စားမှု အရှိဆုံးအရာအတွက် ဆုံးဖြတ်နိုင်စေခြင်း (BID) နှင့်ပတ်သက်၍ ပိုမို သိရှိလိုပါက - UNHCR ၏ ကလေး စိတ်ပါဝင်စားမှု အရှိဆုံးအရာအတွက် ပုံမှန် ဆုံးဖြတ်နိုင်စေရန် လမ်းညွှန် - တွင် ကြည့်ပါ။

အတူလိုက်ပါသူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများ၊ ကလေးဦးဆောင်သော အိမ်ထောင်စုများနှင့် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်ခဲ့သည့်ကလေးများ အပါအဝင် အချို့ကလေးအုပ်စုများမှာ အန္တရာယ်အချို့ကို ပိုမို ကျရောက်နိုင်ခြေရှိသည်။ ဥပမာ - စစ်တပ်မှ စစ်သားစုဆောင်ခြင်း၊ (လိင်မှုဆိုင်ရာ) အမြတ်ထုတ်ခံရခြင်း၊ အနိုင်အထက်ပြု ခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ အတင်းအကျပ် လုပ်အားပေးစေခြင်း သို့မဟုတ် အကြမ်းဖက်ခံရခြင်း တို့ဖြစ်သည်။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးအဖွဲ့အစည်းများ ရှိခဲ့ပါလျှင် ထိုကလေးများ အတွက် ဦးတည်၍ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရပါမည်။ သို့သော် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုစနစ် ထူထောင်နိုင်ရန်အတွက် ထိုအဖွဲ့အစည်း များအား ညှိနှိုင်းပံ့ပိုးပေးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရပေမည်။

## အတူလိုက်ပါစောင့်ရှောက်သူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများ၊

အတူလိုက်ပါစောင့်ရှောက်သူမရှိသော ကလေးများမှာ မိဘနှစ်ဦးလုံး အပါအဝင် ဆွေမျိုးများနှင့် ကွဲကွာနေပြီး ဥပဒေ အရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ စောင့်ရှောက်ပေးရန် တာဝန်ရှိသည့် လူကြီးတစ်ဦးဦးလည်း ရှိမနေသူများဖြစ်သည်။ မိသားစုနှင့် ကွဲကွာနေသော ကလေးများမှာ မိဘနှစ်ဦးလုံး သို့မဟုတ် ယခင်က ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရ ဖြစ်စေ အဓိကစောင့်ရှောက်ပေးနေသည့် လူကြီးတစ်ဦးဦးနှင့် ကွဲကွာနေသူများဖြစ်သော်လည်း ဆွေမျိုးများနှင့် ကွဲကွာနေသူများမဟုတ်ပါ။ ထို့ကြောင့် ထိုကလေးများမှာ မိဘများ မဟုတ်သည့် မိသားစုဝင် လူကြီးများက လိုက်ပါ စောင့်ရှောက်မှု ရှိနိုင်သည်။ မိဘမဲ့များမှာ မိဘနှစ်ဦးလုံး သေဆုံးကြောင်း သိရှိထားသူများဖြစ်သည်။ အချို့နိုင်ငံများတွင် မိဘတစ်ဦး သေဆုံးပါကလည်း မိဘမဲ့ဟု မှတ်ယူ နိုင်သည်။

ပုံမှန်အားဖြင့် မိဘများဖြစ်သည့် မူလစောင့်ရှောက်သူများ မရှိတော့သည့်အခါ အတူလိုက်ပါစောင့်ရှောက်သူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော မိန်းကလေးများ၊ ယောကျ်ားလေးများသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများ နှင့် ပိုမို တွေ့ကြုံရနိုင်သည်။ သီးခြားလိုအပ်ချက်ရှိသူအားလုံးအတွက် တာဝန်ရှိမှုအပြင် ၂၀၀၄ခုနှစ် အဖွဲ့အစည်း ပေါင်းစုံစုစည်း ကော်မတီ ၏ အတူလိုက်ပါသူမရှိသော၊ မိသားစုကွဲကွာနေသော ကလေးများနှင့်ဆိုင်သည့် လမ်းညွှန် သဘောတရားအရ စခန်းစီမံ ခန့်ခွဲမှု အေဂျင်စီသည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

- ကလေးများနှင့် ကွဲကွာမှုများ ထပ်မံမဖြစ်ပွားစေရန်အတွက် စခန်းလူထုအားလုံးအား နေရာရွှေ့ပြောင်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် နေရပ်ပြန်ခြင်း သို့မဟုတ် ထင်းရှာစေခြင်းကဲ့သို့ ကလေးများကို စခန်းပြင်ပသို့လွှတ်၍ တစ်စုံတစ်ရာ ခိုင်းစေသည့်အခါများတွင် ကလေးများနှင့် ကွဲကွာသွားနိုင်သည့် အန္တရာယ်ရှိသည့်အကြောင်း အသိပညာ ပေးခြင်းများ ဆောင်ရွက်ရန်
- ကွဲကွာခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခံရခြင်းတို့ မဖြစ်ပွားစေရန်အတွက် လုပ်ငန်းများဖော်ဆောင်ရာတွင် စခန်းနေလူထု ကို ပါဝင်စေရန် တိုက်တွန်းခြင်း၊ ထိုလုပ်ငန်းများအား စောင့်ကြည့်ကြီးကြပ်ခြင်း၊ အသိပညာပေးခြင်း နှင့် ကလေးများ မိသားစုနှင့် ကွဲကွာခဲ့ပါက မည်သည့်နေရာသို့သွား၍ မည်သို့ဆောင်ရွက်ရမည်ကို သိရှိစေရန် စခန်းတွင်း တုံ့ပြန် ဆောင်ရွက်မှု အစီအမံများ ရေးဆွဲခြင်း
- မိဘများ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများနှင့် အတတ်နိုင်ဆုံး မြန်ဆန်စွာ ပြန်လည်ပေါင်းစည်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၄င်းတို့ရှိမည့်နေရာကို ခြေရာကောက်ရှာဖွေသည့် ဝန်ဆောင်မှုများ ရှိနေစေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နီးကပ်စွာ ညှိနှိုင်းတောင်ရွက်ရန်

- အတူလိုက်ပါသူမရှိသော၊ မိသားစုနှင့် ကွဲကွာနေသော ကလေးများအား စောင့်ကြည့်ကြီးကြပ်ပေးခြင်း အပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု စောင့်ကြည့်ကြီးကြပ်ရေးစနစ်ကို သက်ဆိုင်ရာ အေဂျင်စီများ၊ NGO များနှင့် လက်တွဲ၍ တာဝန်ရှိသည့် ဝန်ကြီးဌာနမှ ထူထောင်ရန်။ နေရပ်စွန့်ခွာနေထိုင်ရသူများ၊ ဒုက္ခသည်များထဲမှ စေတနာ့ ဝန်ထမ်းများကို သင်တန်းပေး၍ ရပ်ရွာလူမှုလုပ်သားများအဖြစ် သင်တန်းများ၊ စောင့်ကြည့်ကြီးကြပ်မှု လုပ်ငန်းများတွင် ကူညီစေရန်
- ကွဲကွာရမှုသည် ကလေး၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်နိုင်သောကြောင့် စခန်းတွင် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ အထူးစောင့်ရှောက်မှုကို ထူထောင်ရန်

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ယူဂန်ဒါနိုင်ငံတွင် ကလေးများနှင့်ဆယ်ကျော်သက်များအတွက် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးစောင့်ရှောက်မှု ဥပမာများ

နိုင်ငံတကာ NGO တစ်ခုသည် ယခင်က ဖမ်းဆီးခေါ်ဆောင်ခံရဖူးသည့် ကလေးများနှင့် ဆယ်ကျော်သက်များ၏ လိုအပ်ချက်ကို ကူညီပေးရန်အတွက် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးစောင့်ရှောက်မှု အစီအစဉ်တစ်ရပ်ကို ယူဂန်ဒါနိုင်ငံ မြောက်ပိုင်းတွင် ဆောင်ရွက်ပေးနေသည်။ ထိုအစီအစဉ်တွင် အောက်ပါတို့ ပါဝင်သည်။

- လက်ခံရေးနှင့် ပြန်လည်ပေါင်းစည်းပေးရေးဌာနတွင် ကြားကာလအတွက် စောင့်ရှောက်မှုကိုပေးသည်။ ရောက်ရှိလာသည့်အချိန်တွင် ကလေးများအားလုံးကို ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သည့် ကုသမှုကို ဒေသတွင်းဆေးရုံမှ ဆောင်ရွက်ပေးသည်။ အသင့်တော်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်အတွက် ကလေးတစ်ဦးချင်းစီကို စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ဆန်းစစ်မှုများပြုလုပ်ပေးသည်။ ကလေးများသည် အခြေခံစောင့်ရှောက်မှုနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်းတို့ကို ရရှိပြီး ကလေးများ ပြန်လည်ထူထောင်လာနိုင်စေရန် စီမံထားသောလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေသည်။
- မိသားစုဝင်များ ခြေရာကောက်ရှာဖွေခြင်း၊ ပေါင်းစည်းစေခြင်းနှင့် နောက်ဆက်တွဲလုပ်ငန်းများ။ ကလေးများရောက်ရှိလာသည်နှင့် NGO သည် မိသားစုဝင်များ ခြေရာကောက်ရှာဖွေခြင်းနှင့် ပေါင်းစည်းစေခြင်း လုပ်ငန်းများကို ချက်ချင်းစတင်လုပ်ဆောင်သည်။
- လူထုအခြေပြု စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှု။ ကလေးသည် မိဘများထံပြန်ရောက်သည်နှင့် ဝန်ထမ်းတစ်ဦးက မှန်မှန် သွားရောက်ကြည့်ရှုပေးသည်။ ကလေးအနေနှင့် ပညာ ဆက်လက်သင်ယူနိုင်စေရန် ကျောင်းအုပ်များနှင့် တွေ့ဆုံဆွေးနွေးပေးသည်။ စစ်ပွဲကြောင့် ထိခိုက်ခံစားရသော ကလေးများနှင့် မိသားစုအားလုံးအား ကူညီပေးရန် NGO မှ စီမံရေးဆွဲထားသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန် ကလေးများနှင့် ဆယ်ကျော်သက်များအား တိုက်တွန်းအားပေးသည်။ ထိုလုပ်ငန်းများတွင် လူထုမှ သိနားလည် လက်ခံစေခြင်း၊ မိသားစုအတွင်း နှင့် အဆင့်တူအုပ်စုများအတွင်း ဆွေးနွေးခြင်း၊ မိဘများအား ပံ့ပိုးပေးရေးအဖွဲ့များ၊ အဖွဲ့လိုက် အားကစားလုပ်ခြင်း၊ ရိုးရာဓလေ့ အကအခုန်များ၊ ပြဇာတ်များနှင့် ရိုးရာပွဲများ၊ ဆယ်ကျော်သက်ကျန်းမာရေးပညာပေးခြင်းနှင့် ဘဝတွက်တာကျွမ်းကျင်စရာ သင်တန်းများ၊ လုပ်ငန်းခွင်သင်တန်းများနှင့် ဝင်ငွေတိုးလုပ်ငန်းများ ပါဝင်သည်။

## လူငယ်များ

### မည်သည့်အချိန်များကို ကလေး၊ ဆယ်ကျော်သက် သို့မဟုတ် လူငယ် ဟု သတ်မှတ်ပါသလဲ

ကလေးအရွယ်မှ လူငယ်အဖြစ်သို့ ကူးပြောင်းသည့်အချိန်နှင့် ဆယ်ကျော်သက်အဖြစ် သတ်မှတ်ချက်များမှာ ဓလေ့ထုံးစံအရ တိကျသည်။ ၄င်းအတွက် စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် လူထုနှင့်တကွ စခန်းရှိ အခြားဝန်ဆောင်မှုပေးသူများနှင့် ဆွေးနွေးပြီး စခန်းအစီအစဉ်များအတွက် အများသဘောတူညီမှုကို ရယူရမည်။ အများအားဖြင့် ဇီဝဗေဒဆိုင်ရာ ဆုံးဖြတ်မှုမှာ ပျိုဖော်ဝင်ရွယ်သို့ရောက်ခြင်း၊ သို့မဟုတ် မိမိတို့ကိုယ်ကို ကိုယ်တိုင်စောင့်ရှောက်နိုင်ခြင်း တို့ကိုသုံးသည်။

UNICEF က ဆယ်ကျော်သက်များကို အဆင့် ၃ဆင့် ခွဲခြားသတ်မှတ်ထားသည်။ အငယ်ပိုင်း (၁၀ -၁၃ နှစ်)၊ အလတ်ပိုင်း (၁၄-၁၆) နှင့် အကြီးပိုင်း (၁၇-၁၉) ဆယ်ကျော်သက် ဟု သတ်မှတ်သည်။ ဆယ်ကျော်သက် မိန်းကလေးနှင့် ယောကျ်ားလေးများတွင် သီးခြားလိုအပ်ချက်များနှင့် သီးခြားအန္တရာယ်များ ရှိနိုင်သည်။ အထူးသဖြင့် စခန်းတွင်းလူများ စုစည်းနေရသည့်အချိန်နှင့် ပညာရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေးအခွင့်အလမ်းများ နည်းပါးသည့်အချိန်တို့တွင် ပို၍အန္တရာယ်ရှိနိုင်သည်။ ဆယ်ကျော်သက် ယောကျ်ားလေးနှင့် မိန်းကလေးများသည် ကျောင်းမနေရဘဲ ပျင်းရိနေနိုင်သည်။ ကြာလာသည့်အခါ အချို့ဆယ်ကျော်သက် အုပ်စုများတွင် ငြီးငွေ့မှု၊ စိတ်ပျက်မှု နှင့် ဒေါသတို့ ဖြစ်လာနိုင်ပြီး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ ဖြစ်လာနိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီ အနေနှင့် သီးခြားလိုအပ်ချက်ရှိသူအားလုံးအတွက် တာဝန်ရှိမှုအပြင် ဆယ်ကျော်သက် ယောကျ်ားလေးနှင့် မိန်းကလေးများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အောက်ပါတို့ကို ဆောင်ရွက်ပေး သင့်သည်။

- ➔ လူငယ်နှင့် ဆယ်ကျော်သက်တို့အား နောက်ခံအခြေအနေနှင့် ဒေသအလိုက် နားလည်ထားမှုမှာ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများနှင့် ကုလသမဂ္ဂသဘောတူညီချက်များ၏ အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် ခြားနားနိုင်သည်ကို သိရှိသတိပြုရန်
- ➔ ဆယ်ကျော်သက် ယောကျ်ားလေးနှင့် မိန်းကလေးများ၏ လိုအပ်ချက်ကို လုံလောက်စွာ ဦးတည်ပေးအပ်နိုင်ရန် အတွက် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများမှ အားကစား၊ အပန်းဖြေခြင်း စသည့် ဦးတည်လုပ်ငန်း များ၊ ဘဝတွက်တာနှင့် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ စိတ်နှင့် လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေး နိုင်ရေးကို ရှင်းပြတိုက်တွန်းရန်
- ➔ ဆယ်ကျော်သက် မိန်းကလေးများအဖို့ ဓလေ့ထုံးစံ၊ လူမှုရေးနှင့် အခြားအကြောင်းများကြောင့် ဝန်ဆောင်မှုများ ရယူရန် အတားအဆီးများ ရှိနိုင်ကြောင်း သတိပြုရန်

### လူငယ်ကော်မီတီ ဖွဲ့စည်းနိုင်ရေးအတွက် စိန်ခေါ်မှုများ

စခန်းနှင့် အိမ်ရှင်လူထုထဲမှ လူငယ်များ တစ်ဖက်ဖက်မှဖြစ်စေ၊ နှစ်ဘက်လုံးမှဖြစ်စေ ပါဝင်သည့် လူငယ်ကော်မီတီ တစ်ခု စတင်ဖွဲ့စည်းရန်မှာ အထူးသဖြင့် အဖွဲ့လိုက်အားကစားခြင်းကိုသာ ဦးတည်ခြင်း မဟုတ်ပါက စိန်ခေါ်မှု များပြား သည်။ အားလုံးကို ပါဝင်စေလိုခြင်း ဖြစ်သည့်အတွက် လူငယ်လုပ်ရှားမှုများနှင့် အားကစားကိုသာ အဓိကထား၍ စတင် ဖွဲ့စည်းခြင်းမှာ ပြဿနာဖြစ်နိုင်သည်။ အားကစားလုပ်ငန်းများတွင် မိန်းကလေးငယ်များ ပါဝင်လေ့မရှိကြပေ။ အနီးအနားရှိ အိမ်ရှင်လူထုထဲမှ မိန်းကလေးငယ်များကိုလည်း စခန်းသို့ သွားရောက်၍ အခြား လူငယ် ယောကျ်ားလေး များနှင့်အတူ အားကစားပွဲများတွင် ပါဝင်တက်ရောက်ရန် မိသားစုများက ခွင့်ပြုလေ့ မရှိပေ။ အားကစားကိုသာ ဦးတည်ခြင်းမှာ ထိခိုက်ခံစားရလွယ်သူများနှင့် သန်စွမ်းပုံ ခြားနားသော လူငယ်များအား ထပ်မံ၍ ခက်ခဲစေနိုင်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - လူငယ်ကော်မီတီများ ထူထောင်ရန် အကြံပြုချက်များ

၁။ အကယ်၍ ဖြစ်နိုင်ပါက အမျိုးသမီးကော်မီတီများကို ဦးစွာအားပေးမြှင့်တင်ရန်၊ ပြီးနောက် လူငယ်ကော်မီတီ ဖွဲ့စည်း မှုကို ဆက်လက်ဆောင်ရွက်ရန်။ မိခင်များ၊ အဘွားများနှင့် အဒေါ်များက စခန်းကော်မီတီတွင် ပါဝင်ခြင်း၏ အကျိုး ကျေးဇူးများ (နှင့် ရရှိလာသည့် ကျွမ်းကျင်မှုများ) ကို သိရှိလာသည့်အခါ ၎င်းတို့အနေနှင့် လူငယ်ကော်မီတီ များကို ပံ့ပိုးအားပေးလာသည့်အပြင် အချို့သောနည်းလမ်းများဖြင့် ကူညီထိမ်းသိမ်းပေးလာကြလိမ့်မည်။ ထို့ပြင် အမျိုးသမီးမှ ဦးဆောင်သော သို့မဟုတ် ပံ့ပိုးရသော မိသားစုများတွင် လူငယ်များ အပါအဝင်ဖြစ်သည့် မိသားစုဝင် များနှင့် ဆက်သွယ် ပြောပြပေးနိုင်သည်။

၂။ စခန်းတွင်း ကျွမ်းကျင်မှုမြှင့်တင်ရေး လုပ်ဆောင်နေသော အမျိုးသားများပါဝင်သည့်ကော်မီတီ/ လုပ်ငန်း တစ်ခုခုနှင့် ချိတ်ဆက်၍ အမျိုးသားများကို ဗဟိုပြုသော လူငယ်ကော်မီတီကို ဖွဲ့စည်းရန်။ ထိုနည်းတူ လူငယ်များ ပျင်းရိမနေဘဲ လှုပ်ရှားနေနိုင်မည့် အားကစားကွန်ယက်အဖွဲ့များ ဖွဲ့စည်းရန်

၃။ ပတ်ဝန်းကျင် အိမ်ရှင်လူထုအတွင်းရှိ လူငယ်များ၏ နေထိုင်ဖွဲ့စည်းပုံ၊ စုစည်းလုပ်ဆောင်ပုံကို ဦးစွာလေ့လာရန်။ လူငယ်များနှင့်ပတ်သက်၍ အသုံးဝင်မည့် အချက်အလက်များ၊ အကောင်းဆုံးအလေ့အထများကို စုစည်းရန်။ အများအားဖြင့် လူငယ်ကော်မီတီများကို လူငယ်များအကြောင်း များစွာမသိသော သို့မဟုတ် ဒေသခံလူငယ်များ၏ ဓလေ့ထုံးစံနှင့် မကျွမ်းဝင်သော လူကြီးများက ပံ့ပိုးဖွဲ့စည်းခြင်း ဖြစ်လေ့ရှိသည်။

## အမျိုးသမီးများ

သီးခြားလိုအပ်ချက်များရှိသည့် အချို့အမျိုးသမီးအုပ်စုများမှာ အထူးအာရုံစိုက်မှု လိုအပ်သည်။ ၎င်းတို့မှာ မုဆိုးမ စသည့် အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စုများ၊ မိသားစု ပံ့ပိုးမှုမရှိသည့် အမျိုးသမီးများ ဖြစ်သည်။ စခန်းတွင်း၌ အကာအကွယ် ပေးနိုင်မှုနှင့် တစ်ကိုယ်ရေလွတ်လပ်မှု နည်းပါးသည့် နေထိုင်စရာများတွင် နေကြရသည့် ထိုအုပ်စုများအဖို့ လုံခြုံရေးအန္တရာယ် မြင့်မားနိုင်သည်။ ၎င်းတို့မှာ ခွဲခြားဆက်ဆံခံရခြင်း၊ အနိုင်ကျင့်စော်ကားခြင်း၊ လူကုန်ကူးခြင်းနှင့် လိင်မှုကိစ္စ အမြတ်ထုတ်ခံရခြင်း၊ အနိုင်အထက်ပြုခံရခြင်းများ ဖြစ်ပွားနိုင်သည်။ ထို့ပြင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကိုရရှိရန် ခက်ခဲခြင်းလည်း ရှိနိုင်သည်။ အမျိုးသမီး တစ်ဦးတည်း ဦးဆောင် သည့် အိမ်ထောင်စုများမှာ မိသားစု၏ လိုအပ်ချက်ကို မိမိတို့ဘာသာ စီမံဆောင်ရွက်နေရခြင်းကြောင့် လေ့လာသင်ယူမှု၊ ကျွမ်းကျင်မှုသင်တန်း၊ လူမှုရေးလုပ်ငန်းများနှင့် ဝင်ငွေတိုးလုပ်ငန်းများတွင် မပါဝင်နိုင်ဘဲ ရှိတတ်သည်။ ထို အိမ်ထောင်စုများမှ ကလေးများမှာလည်း အနိုင်အထက်ပြုခြင်းနှင့် အမြတ်ထုတ်ခံရခြင်းများ ဖြစ်ပွားရန် အန္တရာယ်ပိုများသည်။

မုဆိုးမများ၏ အမွေဆက်ခံခွင့်နှင့် ကလေးများကို အုပ်ထိန်းခွင့်ရရန် အခွင့်အရေးများကို ဥပဒေ သို့မဟုတ် ထုံးတမ်း စဉ်လာအရနှင့် သေဆုံးသွားသော ခင်ပွန်းသည်မိသားစု၏ ဆန္ဒအရ ငြင်းဆိုခံရနိုင်သည်။ ထို့ပြင် အတင်းအကျပ် နောက်အိမ်ထောင် ပြုစေခြင်းစသည့် အန္တရာယ်ရှိသော ဓလေ့ထုံးစံ အလေ့အထများကို ခံစားရနိုင်သည်။ ဥပဒေရေးရာ လုပ်ငန်းများသည် ၎င်းတို့အတွက် ကာကွယ်စောင့်ရှောက်မှု အနည်းငယ်သာပေးနိုင်ခြင်း သို့မဟုတ် လုံးဝမပေးနိုင် ခြင်းလည်း ဖြစ်နိုင်သည်။ ယခင်က လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်နွယ်ခဲ့သော အမျိုးသမီးများနှင့် မိန်းကလေးများမှာလည်း လုံခြုံရေးအန္တရာယ် မြင့်မားနိုင်သည်။ ၎င်းတို့တွင် ထပ်မံ၍ လူစုဆောင်းခံရခြင်း၊ အတင်း အကျပ် ခေါ်ဆောင်ခံရခြင်း၊ ခွဲခြားနှိမ်ချဆက်ဆံခံရခြင်း၊ လိင်မှုကိစ္စ အမြတ်ထုတ်ခံရခြင်း၊ အနိုင်အထက်ပြုခံရခြင်းများ ပါဝင်နိုင်သည်။ ၎င်းတို့၏ တွေ့ကြုံခဲ့ရသောကိစ္စများအတွက် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ အကူအညီများ လိုအပ် နိုင်သည်။ မိသားစု ထူထောင်နိုင်ရန် အခွင့်အလမ်း နည်းပါးနိုင်သည်။ သို့မဟုတ် ၎င်းတို့၏ ကလေးများကို ရပ်ရွာအသိုက်အဝန်းမှ ဖယ်ကျဉ်နိုင်သည်။ သီးခြားလိုအပ်ချက်ရှိသူများအတွက် တာဝန်ရှိမှု အပြင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီ မှ လုပ်ဆောင်ရန် လိုအပ်သည့်လုပ်ငန်းများမှာ -

- စုဝေးရန်နေရာများ ထူထောင်မှုကို အားပေးရန် - အမျိုးသမီးနှင့် မိန်းကလေးများ တွေ့ဆုံနိုင်ပြီး အမျိုးသားများ မပါဝင်ဘဲ လွတ်လပ်စွာ စကားပြောဆိုနိုင်ရန် နေရာရှိခြင်းဖြင့် စခန်းတွင်း အားလပ်ချိန်ကို သုံးနိုင်သည်။
- အမျိုးသမီးများ၏ ဦးဆောင်မှု၊ ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည့် လုပ်ငန်းများကို ပံ့ပိုးပေးနိုင် သည်။ ဤသို့ဖြင့် လုပ်ပိုင်ခွင့် မြင့်မားလာပြီး စခန်းတွင်းကာကွယ်စောင့်ရှောက်မှု အခြေအနေ ပိုကောင်းလာနိုင်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက်များ - တီထွင်ဖန်တီးမှုနှင့် အားလုံးပါဝင်နိုင်မှု

အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများအတွက် ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်တစ်ခုမှာ ကောင်းစွာ မဆောင် ရွက်နိုင်ဘဲ ဖြစ်နေသည်။ ကလေးများကို ပြုစုစောင့်ရှောက်ရန် လိုသောကြောင့် သင်တန်းများ၊ အလုပ်ရုံများတွင် လာရောက်သူ နည်းပါးနေသည်။ ဖြေရှင်းမှုကို ရှာဖွေသည့်အခါ အမျိုးသမီးများသည် အတူတကွ လုပ်ဆောင်ကြ၍ အချို့က ကလေးထိန်းပြီး အချို့က သင်တန်းတက်ကြသည်။ ထို့နောက် နေရာလဲ၍ တစ်လှည့်စီ လုပ်ဆောင်သည်။

ပို၍ ကျေနပ်ဖွယ်ကောင်းသော ဖြေရှင်းမှုကို ရှာဖွေရင်း အမျိုးသမီးများသည် တီထွင်ဖန်တီးမှုနှင့် အားလုံးပါဝင်နိုင်မှု ရှိသော အဖြေကို ရရှိလာသည်။ စခန်းရှိ သက်ရွယ်ကြီးသူများအား ကလေးများအား ပုံပြင်ပြောပြရန် ဖိတ်ခေါ်သည်။ ၎င်းမှာ ရိုးရာဓလေ့နှင့် ဒဏ္ဍာရီများ လက်ဆင့်ကမ်းပေး၍ ဖျော်ဖြေမှုနှင့် ပညာပေးမှုကို ဖြစ်စေရုံမက သက်ရွယ်ကြီးသူ များအတွက်လည်း အဓိပ္ပါယ်ရှိ၍ ပိုင်ဆိုင်မှု ခံစားရစေသည်။

## သက်ရွယ်ကြီးသူများ

ကုလသမဂ္ဂ က အသက် ၆၀ နှင့် အထက်ကို သက်ရွယ်ကြီးသူများဟု သတ်မှတ်သည်။ သို့သော် သက်ရွယ်ကြီးသူကို သတ်မှတ်ချက်ကို ကျယ်ပြန့်စွာ နားလည်ရန်လိုသည်။ ကြီးရင့်သည်ဟု သတ်မှတ်ရန်မှာ အသက်တစ်ခုတည်းကိုသာ စဉ်းစားရန် မဟုတ်ပါ။ ဤအုပ်စုတွင် ထည့်သွင်းရန်အတွက် ဓလေ့ထုံးစံ၊ သက်တမ်း၊ ကျန်းမာရေး နှင့် စီးပွားရေး အခြေအနေတို့မှာ ဆီလျော် သက်ဆိုင်သော အချက်များဖြစ်သည်။

လုပ်ကိုင်ပိုင်ခွင့် မရှိသော သက်ရွယ်ကြီးသည့် အမျိုးသားနှင့် အမျိုးသမီးတို့မှာ အရေးပေါ်အခြေအနေတွင် မညီမျှစွာ ထိခိုက်ခံစားရတတ်သည်။ ချက်ချင်း တုံ့ပြန်ဆောင်ရွက်ပေးမှုများနှင့် ပြန်လည်ထူထောင်ရေးတို့တွင် ချန်ထားခဲ့ခြင်း ခံရ တတ်သည်။ အစီအစဉ်များ ရေးဆွဲရာတွင် ပါဝင်ရန် အခွင့်အလမ်း ရပါကလည်း အများအားဖြင့် အနည်းငယ်သာ ရတတ်သည်။ သက်ရွယ်ကြီးသူများ၏ လိုအပ်ချက်နှင့် ကြုံရတတ်သည့် အန္တရာယ်များမှာ မှတ်ပုံတင် စာရင်းမသွင်း ထားခြင်းကြောင့် ဖြစ်တတ်သည်။ ဆန်းစစ်မှုများ၊ မှတ်ပုံတင် စာရင်းသွင်းခြင်း နှင့် အချက်အလက်များ စောင့်ကြည့် ကြီးကြပ်ခြင်းတို့တွင် ကျားမ နှင့် အသက်အရွယ်ကို ခွဲခြားဖေါ်ပြရမည်။ ထို့ပြင် သက်ရွယ်ကြီးသူများ ကြုံရတတ်သည့် ထိခိုက်လွယ်မှုများ ဥပမာ - ပြုစုစောင့်ရှောက်သူမရှိဘဲ နေထိုင်ရခြင်း၊ ကလေးများ ထိန်းနေရခြင်း၊ အိမ်ပြင်မထွက်နိုင် ဘဲ ရှိနေခြင်း စသည်တို့ကို မှတ်သားထားရမည်။ ထို့ပြင် စခန်းတွင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုများအား ပုံစံရေး ဆွဲခြင်း နှင့် ဆန်းစစ်မှုများတွင် သက်ရွယ်ကြီးသူများကို ပါဝင်စေရမည်။ အစီအစဉ်နှင့် လုပ်ငန်းများကို ဆန်းစစ် လေ့လာရာတွင် ကျားမ၊ အသက်အရွယ် နှင့် ကွဲပြားခြားနားမှု ရှုထောင့်မျိုးစုံမှ ရှုမြင်သုံးသပ်ရမည်။

### သက်ရွယ်ကြီးသူများ၏ ပြောဆိုချက်နှင့် ပြုစုစောင့်ရှောက်မှု

ဓလေ့ထုံးစံအများအပြားတွင် သက်ရွယ်ကြီးသူများကို များစွာလေးစားကြပြီး လူမှုရေး၊ ဘာသာရေး အခမ်း အနားများ၊ ထုံးတမ်းစဉ်လာ လုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြသည်။ မွေးဖွားမှုများ၊ လက်ထပ်ခြင်းများ၊ သေဆုံးမှုများနှင့် ထုံးတမ်းစဉ်လာ လုပ်ငန်းများ စတင်ခြင်းတို့တွင် အရေးပါတတ်ကြသည်။ ၎င်းတို့၏ အသိဉာဏ်နှင့် ကောင်းမွန်သော အကြံဉာဏ်များကို တန်ဖိုးထားကြပြီး ရိုးရာ တရားစီရင်မှုများနှင့် ပဋိပက္ခ ဖြေရှင်းမှုများတွင် အဓိက ပါဝင်ကြ သည်။ လူငယ်များအား ရိုးရာဓလေ့အလိုက် တန်ဖိုးထားမှုများ၊ ကျင့်ဝတ်များ လမ်းညွှန်ပေးရန်အတွက် အဓိက ကဏ္ဍမှ ဆောင်ရွက်ရသည်။ မိမိတို့၏ ရပ်ရွာ အသိုက်အဝန်းနှင့် ရိုးဓလေ့များအကြောင်း သိနားလည်မှု၊ ရွှေ့ပြောင်း နေထိုင်ရခြင်း၏ စိန်ခေါ်မှုများကို သိနားလည် သတိရှိမှုတို့မှာ များစွာ အသုံးဝင်နိုင်သည်။ အထူးသဖြင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် နိုင်ငံရပ်ခြားမှ လာရောက်ရခြင်းဖြစ်ပြီး သိရှိနားလည်မှုဖြင့် စခန်းလူထုအား သင့်လျော်စွာ ကာကွယ် စောင့်ရှောက်ပေးရန် ဖြစ်သဖြင့် ပို၍အသုံးဝင်သည်။ တစ်ချိန်တည်းမှာပင် စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အများက ယုံကြည်ထားသည်နှင့် ဆန့်ကျင်လျှက် မိသားစုများနှင့် ရပ်ရွာက သက်ရွယ်ကြီးသူများအား အစဉ်အမြဲ စောင့်ရှောက် ပေးလိမ့်မည် မဟုတ်ကြောင်း သတိပြုထားသင့်သည်။ ခွဲခြားဆက်ဆံမှုများမှာ အရေးပေါ်အခြေအနေများတွင် ပို၍ဆိုးလာနိုင်သည်။ မိမိတို့၏ ရပ်ရွာအသိုက် အဝန်းနှင့် မိသားစုများမှ ဖယ်ကျဉ်ကြသည့်အခါ သက်ရွယ်ကြီးသူများသည် အထီးကျန်ပြီး ရရှိနိုင်သော လူသားချင်းစာနာ ထောက်ထားမှု အထောက်အပံ့များအကြောင်း မသိရှိဘဲ ရှိနေနိုင်သည်။

သီးခြားလိုအပ်ချက်ရှိသူအားလုံးအတွက် တာဝန်ရှိမှုအပြင် သက်ရွယ်ကြီးသူများအား ကာကွယ်စောင့်ရှောက်ရာတွင် ပါဝင်ကူညီနိုင်ရန်အတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အောက်ပါတို့ကို ဆောင်ရွက်ပေးသင့်သည်။

- ➔ သက်ရွယ်ကြီးသူများ၏ မသိမမြင်သာသော အချက်ပြမှုများ နှင့် လှုပ်ရှားသွားလာရန် မလွယ်ကူမှု၊ လက်လှမ်းမီ ရရှိရန် အခက်အခဲများ၊ စာတတ်မြောက်မှု နည်းခြင်း၊ သီးခြား ဓါတ်စာများ လိုအပ်မှု၊ ကိုယ်ပိုင်နှင့် လိင်ပိုင်းဆိုင်ရာ အနိုင်အထက်ပြုကျင့်ခြင်း ခံရနိုင်ခြေ စသည့် ဖြစ်နိုင်ခြေရှိသော ထိခိုက်လွယ်မှုများကို သတိပြုမိကြောင်း သေချာစေ ရမည်။
- ➔ လိုက်ပါစောင့်ရှောက်သူမရှိသော သက်ရွယ်ကြီးသူများအဖို့ ဖယ်ကျဉ်ခံရမှု၊ အထီးကျန်မှုနှင့် စိတ်ဓါတ်ကျဆင်းမှုတို့ ဖြစ်နိုင်ခြေ ရှိကြောင်း သတိပြုရမည်။
- ➔ အစီအစဉ်နှင့် လုပ်ငန်းများတွင် သက်ရွယ်ကြီးသူများကို ဖေါ်ထုတ်မှတ်သားပြီး ၎င်းတို့၏ ပိုင်ဆိုင်ပစ္စည်းများအား လုံခြုံမှုရှိစေပြီး ၎င်းတို့အနေနှင့် ရေ၊ အစားအစာ နှင့် လူသုံးပစ္စည်းများ သွားရောက်ရယူရန် အခက်အခဲရှိပါက အကူအညီများ ရရှိကြောင်း သေချာစေရမည်။

- ➔ ရွှေ့ပြောင်းနေထိုင်ခြင်းမပြုမီ နှင့် ပြုပြီးအချိန်များတွင် ရပ်ရွာရှိ သက်ရွယ်ကြီးသူများ၏ အခန်းကဏ္ဍကို နားလည် ရမည်။ ၎င်းတို့သည် ပညာရေး၊ ကလေးစောင့်ရှောက်မှု၊ ဆက်သွယ်ရေး၊ ပဋိပက္ခ ဖြေရှင်းခြင်းနှင့် မိသားစုနှင့် ရပ်ရွာ အတွင်း ခေါင်းဆောင်မှု တို့အတွက် အဓိက ရင်းမြစ်များ ဖြစ်လေ့ရှိကြောင်း နားလည်ထားရမည်။
- ➔ တက်ကြွစွာဆောင်ရွက်နိုင်သော သက်ရွယ်ကြီးသူများကို ကျွမ်းကျင်မှုသင်တန်းများနှင့် ဝင်ငွေတိုးလုပ်ငန်းများတွင် ၎င်းတို့၏ လိုအပ်ချက်နှင့် စွမ်းဆောင်နိုင်စွမ်းများအရ ညှိနှိုင်းပါဝင်နိုင်စေရန် အထူးပြုအဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်ရမည်။ နောက်တစ်နည်းအနေနှင့် အခြား လူမှုရေး ကာကွယ်စောင့်ရှောက်မှုအစီအစဉ်များအား လက်လှမ်း မီစေရန် ဆောင်ရွက်ရမည်။
- ➔ အတူလိုက်ပါစောင့်ရှောက်သူမရှိသည့် သက်ရွယ်ကြီးသူများအတွက် မိသားစုဝင်များနှင့် တတ်နိုင်သရွေ့ အမြန်ဆုံး ပြန်လည်ဆုံဆည်းနိုင်စေရန် မိသားစုဝင်များ ခြေရာကောက်ရှာဖွေခြင်းအား ပံ့ပိုးပေးရမည်။
- ➔ သက်ရွယ်ကြီးသူများအား ကလေးပျော်နေရာများ ပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်နိုင်ရန် ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု အေဂျင်စီများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။
- ➔ သက်ရွယ်ကြီးသူများအတွက် ခိုနားနိုင်သောနေရာများ လိုအပ်ချက်ကို ဆန်းစစ်၍ ဖန်တီးပေးရန်။ သို့မှသာ အဓိပ္ပါယ်ရှိစွာ ဆက်သွယ်ပါဝင်ရန်၊ ဝင်ငွေတိုးလုပ်ငန်းများတွင် ပါဝင်ရန် နှင့် အထီးကျန်ပျင်းရိမှု မဖြစ်စေရန်အတွက် လူမှုရေးအရ ဆက်သွယ်မှုများ ပြုလုပ်နိုင်ရန် အခွင့်အလမ်းများ ရရှိနိုင်မည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက်များ - သိရှိသတိပြုမိစေရန် ဆောင်ရွက်ခြင်း

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိ စခန်းတွင် ကာလကြာမြင့်စွာ နေရပ်စွန့်ခွာ၍ နေထိုင်ရသူများသည် ကော်မီတီများဖွဲ့၍ ကောင်းစွာစည်းလုံးနေထိုင်ကြပြီး ဆန်းစစ်မှု၊ ဖြန့်ဝေမှုများ ပြုလုပ်သည့် အေဂျင်စီများအတွက် များစွာ အကူအညီဖြစ်စေသည်။ လိုအပ်နေသည်မှာ ဖြန့်ဝေပေးမှုများတွင် ထိခိုက်ခံစားရနိုင်သည့် သီးခြားလိုအပ်ချက်ရှိသူများအတွက် အာရုံစိုက်ဆောင်ရွက်ရန် ဖြစ်သည်။ ကျွန်ုပ်တို့က စခန်းကော်မီတီများအား သက်ရွယ်ကြီးသူများနှင့် မသန်စွမ်းသူ များကို ဖေါ်ထုတ်ပေးပြီး ၎င်းတို့၏ ရိက္ခာထုတ်ရန်ကဒ်ပြားများကို ထပ်ထားသော အပုံများ၏ အပေါ်ဆုံးတွင် ထားပေး ရန် တောင်းဆိုခဲ့သည်။ ဤသည်မှာ ၎င်းတို့အနေနှင့် အကူအညီအထောက်အပံ့များကို ဦးစွာ ရရှိပြီး နေပူထဲတွင် ရပ်စောင့်မနေရစေရန်နှင့် အိမ်နီးချင်းများမှ သယ်ယူကူညီပေးနိုင်ရန် ဖြစ်သည်။ သက်ရွယ်ကြီးသူများကို တန်းစီရာတွင် ဦးစားပေးစေရန် နှင့် လူထုမှ အကူအညီပေးစေရန် သေချာစေခြင်းဖြင့် ကလေးများနှင့် လူကြီးများအကြား ပို၍ ကောင်းစွာ နားလည်သိရှိလာစေသည်။ ဤသို့ဆောင်ရွက်ပုံမှာ အခြားနေရာဒေသများသို့လည်း ပြန့်နှံ့ရောက်ရှိ သွားသည်။ ကျွန်ုပ်တို့ စောင့်ကြည့်ကြီးကြပ်ရာတွင် လူထုက သက်ရွယ်ကြီးသူများအတွက် လိုအပ်သောပစ္စည်းများကို ထည့်သွင်းတောင်းဆိုလာကြသည်။ ဥပမာ - ရေပုံးထဲမှ ရေခပ်ချိုးရန် ခွက်၊ သက်ရွယ်ကြီးသူများမှာ ချမ်းအေးတတ် သောကြောင့် ဘောင်းဘီနှင့် ခြုံထည်များ၊ လဘက်ရည်နှင့် ဟင်ချိုရည်များကို ကြာကြာပူနွေးစွာ ထားနိုင်ရန် ဓါတ်ဘူးများ စသည်။

### သက်ရွယ်ကြီးသူများအား ကာကွယ်စောင့်ရှောက်မှုပေးရန် ကောင်းမွန်သော အလေ့အထများ

သက်ရွယ်ကြီးသူများအားအကူအညီပေးရေးနိုင်ငံတကာအဖွဲ့ (HelpAge International) မှ အရေးပေါ်အခြေအနေတွင် သက်ရွယ်ကြီးသူများအား ကာကွယ်စောင့်ရှောက်မှုပေးရန် ကောင်းမွန်သော အလေ့အထ လမ်းညွှန်စာအုပ်ကို ပြုစုထားသည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အောက်ပါတို့ကို ဆောင်ရွက်ပေးရန် လိုသည်။

- ➔ သက်ရွယ်ကြီးသူများနှင့် ၎င်းတို့အတွက် စောင့်ရှောက်ပေးမှုအပေါ် ပဋိပက္ခများက သက်ရောက်နိုင်မှုအား တိကျစွာ အထူးပြုဖေါ်ပြ၍ အသက်အရွယ်၊ ကျား၊မ နှင့် ကွဲပြားခြားနားမှုတို့အလိုက် အချက်အလက်များ ခွဲခြားရရှိစေရန်
- ➔ သက်ရွယ်ကြီးသူများ၏ ဦးစားပေးလိုအပ်ချက်များကို ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်၍ ပုံစံဒီဇိုင်းရေးဆွဲခြင်းနှင့် နေထိုင်စရာများတည်ဆောက်ခြင်းအပါအဝင် စခန်းသက်တမ်းအဆင့် အားလုံးတွင် ၎င်းတို့အား ပူးပေါင်း ပါဝင်စေခြင်း
- ➔ ယာယီနေထိုင်စရာများနှင့် အိမ်သာများ တည်ဆောက်၊ ပြုပြင်ရာတွင် အသက်အရွယ်အရ အဆင်ပြေစေမည့် အရာများ ဥပမာ - လျှောစောင်းများ၊ လမ်းလျှောက်လက်တန်းများ၊ ဆုတ်ကိုင်နိုင်ရန်တန်းများနှင့် အလင်းရောင် တို့ကို

ထည့်သွင်းပါဝင်စေခြင်း

- ➔ ရေနှင့် သန့်ရှင်းရေး၊ နေထိုင်စရာ စသည့် ကဏ္ဍအလိုက် သီးသန့်အေဂျင်စီများ၊ အစုအဖွဲ့များ (ရှိခဲ့လျှင်) နှင့် ညှိနှိုင်း၍ အသက်အရွယ်နှင့် မသန်စွမ်းမှု စသော အဓိကပူပန်ရမည့် အချက်များကို ဦးတည်ဆောင်ရွက်ရန်
- ➔ သင့်လျော်သော ပံ့ပိုးမှုများပေးနိုင်စေရန် လက်တွေ့ကျသော အစီအစဉ်များနှင့် သုတေသနများအတွက် အရင်း အမြစ်များ ရရှိစေရန်
- ➔ သက်ရွယ်ကြီးသူများအတွက် လွယ်ကူမှုရှိစေသည့် ဖြန့်ဝေမှုလုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို တိုးမြှင့်ရန်
- ➔ သက်ရွယ်ကြီးသူများအား ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းအားလုံးတွင် သက်ရွယ်ကြီးသူများ၏ အရေးကိစ္စများ ကို ပိုမို သိနားလည်၍ ထည့်သွင်းဆောင်ရွက်ခြင်းကို မြှင့်တင်ပေးရန်
- ➔ နေထိုင်စရာနှင့် အိမ်သာများတည်ဆောက်ရာတွင် လက်လှမ်းမီ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတကာ စံနှုန်းများကို လိုက်နာရန်

## ကျန်းမာရေးချို့တဲ့မှု၊ မသန်စွမ်းမှု သို့မဟုတ် ထိခိုက်ဒဏ်ရာကြောင့် ခံစားနေရသူများ

### မသန်စွမ်းသူများ

ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်မှ မသန်စွမ်းသူများအား အဓိပ္ပါယ်ဖွင့်ဆိုသည်မှာ “ကိုယ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည် သို့မဟုတ် အာရုံခံ အင်္ဂါအစိတ်အပိုင်းတို့တွင် ရေရှည်ထိခိုက်မှု ရှိနေသောကြောင့် လူမှုအသိုက် အဝန်းအတွင်း အခြားသူများနှင့်အတူ တန်းတူညီမျှ အပြည့်အဝ ထိရောက်စွာ ပါဝင်နိုင်ခွင့်အား ဟန့်တားမှု ဖြစ်စေသော အတား အဆီးများ ရှိနေခြင်း” ဟူ၍ဖြစ်သည်။ စခန်းလူထုအတွင်းရှိ ကိုယ်ပိုင်း၊ စိတ်ပိုင်းနှင့် အခြားမသန်စွမ်းသူများအဖို့ ကာကွယ်စောင့် ရှောက်မှုဆိုင်ရာ အန္တရာယ် ကျရောက်နိုင်ခြေ မြင့်မားနိုင်သည်။ အထူးသဖြင့် မိသားစုဝင်များနှင့် ရပ်ရွာအသိုက်အဝန်းများ မရှိသည့်၊ သို့မဟုတ် ၎င်းတို့အား မစောင့်ရှောက်နိုင်သည့်၊ စောင့်ရှောက် ရန် ဆန္ဒမရှိသည့် ရွှေ့ပြောင်းနေထိုင်ရမှုများတွင် ပို၍ မြင့်မားနိုင်သည်။ မသန်စွမ်းမှုသည် ဖယ်ကျဉ်ခံရခြင်းနှင့် ခက်ခဲ နွမ်းပါးမှုများကို ဖြစ်စေနိုင်သည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ပြဿနာများမှာ နေထိုင်စရာနှင့် ဝန်ဆောင်မှုများ အပါအဝင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ ရယူနိုင်မှုမှ ဖယ်ကျဉ်ခံရခြင်းမှ လိင်မှု ဆိုင်ရာ အနိုင် အထက်ပြုမှု နှင့် အမြတ်ထုတ်မှုအထိ အမျိုးမျိုး ရှိနိုင်သည်။ မသန်စွမ်းသူများမှာ စီမံချက်လုပ်ငန်းများနှင့် ဆုံးဖြတ်ချက် ချသည့် လုပ်ငန်းစဉ်များမှလည်း ဖယ်ထုတ်ထားခြင်း ခံရနိုင်သည်။ မသန်စွမ်းသော ကလေးများမှာလည်း ပညာရေးဆိုင်ရာ အခွင့် အလမ်းများအတွက် ပြဿနာများ ရှိနိုင်သည်။ အနိုင်အထက်ပြုမှု၊ နေအိမ်တွင် အထီးကျန်မှုနှင့် ရပ်ရွာမှ ခွဲခြားဆက်ဆံမှု တို့ကိုလည်း ခံစားရနိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ရပ်ရွာအတွင်း စိတ်ကျန်းမာရေး ချို့တဲ့သူများအပါအဝင် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

- ➔ အိမ်သာများ၊ ရေချိုးရန်နေရာများ စသော စခန်း ဝန်ဆောင်ပစ္စည်းများမှာ မသန်စွမ်းသူများမှ လက်လှမ်းမီ အသုံးပြု နိုင်ရန် သေချာစေရမည်။ ဝန်ဆောင်မှုနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများအား ၎င်းတို့မှ လက်လှမ်းမီမှု ရှိမရှိကို ဆန်းစစ်သုံးသပ်ရမည်။ လိုအပ်ပါက ထိုဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် အခြားနည်းလမ်းများ ရှိစေရမည်။
- ➔ အကူအညီများပေးရန် လူထုအခြေပြု ပံ့ပိုးမှုအစီအမံများ ထူထောင်၍ ၎င်းတို့၏အခြေအနေကို စေတနာ့ဝန်ထမ်း များမှ အိမ်တိုင်ရာရောက် သွားရောက်ကြည့်ရှုခြင်း အပါအဝင် စောင့်ကြည့်ကြီးကြပ်မှုများ ပေးရမည်။ ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ၊ တုံ့ပြန်မှုများအား ဖေါ်ထုတ်ရာတွင် သီးခြားလိုအပ်ချက်များ၊ ပူပန်မှုများ၊ စွမ်းဆောင်ရည်များနှင့် အရင်းအမြစ်တို့ကို စောင့်ရှောက်မှုပေးနေသူများနှင့်အတူ ထည့်သွင်းစဉ်းစား ဆောင်ရွက် ရမည်။
- ➔ ဖြစ်နိုင်ပါက မသန်စွမ်းသူများကို ငှားရမ်းခန့်ထားရန် အေဂျင်စီများအား တိုက်တွန်းရမည်။

#### မသန်စွမ်းသူများအတွက် လက်တွေ့ဖြေရှင်းနည်းများ

မသန်စွမ်းသူများနှင့်အတူ လုပ်ဆောင်ရာတွင် နည်းပညာကျွမ်းကျင်သူများ အမြဲလိုအပ်လေ့မရှိပါ။ စခန်းနှင့် စီမံချက် လုပ်ငန်းများတွင် မသန်စွမ်းသူများကို ပါဝင်စေပြီး ဆွေးနွေးတိုင်ပင်ခြင်းမှာ ၎င်းတို့၏ သီးခြားလိုအပ်ချက်နှင့် အခွင့်အရေးများကို ကာကွယ်ပေးနိုင်မည့် သင့်လျော်သောဖြေရှင်းမှုများ ဖေါ်ထုတ်နိုင်ရန်အတွက် ပထမအဆင့်ဖြစ်သည်။ လွယ်ကူသော ဆောင်ရွက်ချက်များမှ ကောင်းမွန်သော ရလဒ်များ ရနိုင်သည်။ ဥပမာ -

- ➔ အိမ်သာတံခါးများတွင် လက်ကိုင်များကို သင့်လျော်သော အမြင့်တွင် ရှိစေခြင်း
- ➔ နေထိုင်စရာများနှင့် လျှော်ဖွပ်ဆေးကြောရန်နေရာများတွင် ဘားတန်းများနှင့် ကိုင်တွယ်စရာတန်းများ ထားရှိ ပေးခြင်း
- ➔ မှန်ကန်သော အနေအထားဖြင့် ထိုင်နိုင်ရန် ပံ့ပိုးပေးသည့် ကုလားထိုင်ကုရှင်များ ထားပေးခြင်း
- ➔ လူနေရပ်ကွက်များအနီးတွင် အများပြည်သူနှင့် အလွယ်တကူ လာရောက်ဆက်သွယ်နိုင်ရန်အတွက် အရိပ်ရပြီး သက်တောင့်သက်သာရှိသည့် ထိုင်စရာနေရာများ ထားပေးခြင်း
- ➔ ဘီးတပ်ကုလားထိုင်များ သွားလာနိုင်သော လမ်းများ ထားပေးခြင်း

ထိုသို့သော ဖြေရှင်းမှုများမှာ ကုန်ကျစရိတ်နည်းပါးသော်လည်း အစီအစဉ်ပြုလုပ်ခြင်းနှင့် လိုအပ်ချက်များကို သိမြင် ခြင်းတို့ကို လိုအပ်သည်။ ဦးတည်အုပ်စုဆွေးနွေးခြင်းစသည့် လူထုပါဝင်ဆောင်ရွက်သည့် ဆန်းစစ်မှုနည်းလမ်းများက စခန်းစီမံခန့်ခွဲမှုအေဂျင်စီအား မသန်စွမ်းသူများ၏ လိုအပ်ချက်များအတွက် သင့်လျော်တိကျသည့် ဖြေရှင်းမှုများ ရရှိရန် ကူညီပေးနိုင်သည်။ မသန်စွမ်းမှုကြောင့် လှုပ်ရှားသွားလာခြင်း မပြုနိုင်သူများအတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ထိုသက်ဆိုင်သူများအား တတ်နိုင်သမျှ ပါဝင်ဆွေးနွေးစေပြီး ဆောင်ရွက်ပေးရမည်။ သို့သော် စခန်း စီမံခန့်ခွဲမှု အေဂျင်စီသည် အားလုံးပါဝင်နိုင်ပြီး သင့်တော်သောနည်းလမ်းများရရှိရန် နည်းပညာကျွမ်းကျင်သူများထံမှလည်း ပံ့ပိုးမှုရယူနိုင်သည်။

## နာတာရှည် မကျန်းမာသူများ

HIV ပိုးအတွက် ကုသမှုခံယူနေသူများ၊ ဆီးချိုရောဂါရှိသူများ၊ Dialysis လုပ်နေရသူများ အပါအဝင် နာတာရှည် မကျန်းမာသူများမှာ ပဋိပက္ခ သို့မဟုတ် ဘေးဒုက္ခအန္တရာယ် ကျရောက်သည့်အခါ အသက်ကယ်ဆေးကုသမှုများ ချက်ချင်းမရရှိ နိုင်ဘဲ ရွှေ့ပြောင်းနေထိုင်ရသည့်အခါ အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားလာနိုင်သည်။ HIV ပိုးရှိသူ များနှင့် HIV ပိုး ကူးစက်နိုင်ခြေများသည့် အုပ်စုများမှာ အထူးသဖြင့် အန္တရာယ်တွေ့ကြုံနိုင်သည်။ ၎င်းတို့သည် မိမိ မိသားစုအပါအဝင် ရပ်ရွာအတွင်းမှ ခွဲခြား နှိမ်ချဆက်ဆံခြင်းကို ကြုံရနိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် အောက်ပါတို့ကို ဆောင်ရွက်ပေးသင့်သည်။

- ➔ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများအား HIV/AIDS သို့မဟုတ် တီဘီရောဂါ ကူးစက်ခံရနိုင်သည့် သို့မဟုတ် ပိုးရှိနေသည့် အုပ်စုများအတွက် လျှို့ဝှက်ချက်ထိမ်းသိမ်းမှုဖြင့် ကာကွယ်ရေးနှင့် ကုသရေး အစီအစဉ်များအား အပြည့် အဝ လက်လှမ်းမီ ရရှိစေရေးကို ရှင်းပြတိုက်တွန်းပေးရမည်။
- ➔ ၎င်းတို့အား သီးခြားဖယ်ထုတ်ထားခြင်း သို့မဟုတ် အရေးယူခြင်းများ မပြုလုပ်ရန် သေချာစေရမည်။
- ➔ HIV/AIDS ကြောင့် ခွဲခြားနှိမ်ချဆက်ဆံခြင်းများကို ဂရုပြု ရှောင်ရှားရမည်။
- ➔ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများနှင့် လူထုအခြေပြု လူမှုရေးလုပ်သားများအား HIV/AIDS ရောဂါ ရှိနေ သူများအား ဝန်ဆောင်မှုများပေးရာတွင် ၎င်းတို့၏ HIV ပိုးရှိနေသည့် အခြေအနေကို ရပ်ရွာလူထုမှ မသိရှိနိုင်စေသည့် နည်းလမ်းဖြင့် ဆောင်ရွက်ကြောင်း သေချာစေရန်အတွက် ရှင်းပြတိုက်တွန်းရန်
- ➔ HIV/AIDS ပိုးရှိနေသည့် အခြေအနေကို လျှို့ဝှက်ချက် ထိမ်းသိမ်းပေးကြောင်း သေချာစေရန်

### ဆေးရုံသို့ သယ်ယူပို့ဆောင်ပေးခြင်း

ဆေးရုံ၊ ဆေးခန်းများသို့ လက်လှမ်းမီ သွားရောက်နိုင်မှုမှာ စခန်းလူထုအတွက် အရေးပါသော စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ အထူးသဖြင့် စခန်းမှာ အနီးဆုံး မြို့ရွာနှင့် ဝေးကွာသည့်နေရာတွင် တည်ရှိခဲ့လျှင် လူထုမှာ ဆေးကုသမှုရရှိရန် ခြေလျင်လမ်းလျှောက်၍ သွားရောက်ရပေမည်။ ဖြေရှင်းမှုတစ်ခုအနေနှင့် စခန်းတွင်နေထိုင်သူ သို့မဟုတ် အိမ်ရှင်လူထုထဲမှ ယာဉ်တစ်စီးစီး ပိုင်ဆိုင်သူအား ဆေးရုံသွားနိုင်ရန်အတွက် အငှားယာဉ်/ လူနာတင်ယာဉ် အဖြစ် အဆင်သင့် ရရှိနိုင်ရန် သဘောတူညီမှု ပြုလုပ်နိုင်သည်။ ဆိုလိုသည်မှာ မည်သူမဆို အရေးပေါ်အခြေအနေ ဖြစ်ခဲ့လျှင် သို့မဟုတ် ဆေးကုသရန် လိုအပ်ပြီး လမ်းမလျှောက်နိုင်သည့်အခြေအနေတွင် မည်သူ့ထံ ဆက်သွယ်ရမည် ကို သိနေရန် ဖြစ်သည်။ ယာဉ်ပိုင်ရှင်နှင့် ဆွေးနွေး၍ လူထုအနေနှင့် ယာဉ်အသုံးခ သို့မဟုတ် လောင်စာဆီဖိုးကို ပြန်ပေးရန် နည်းလမ်းကို ဖော်ထုတ်ထားနိုင်သည်။

## ထိခိုက်မှု တစ်ခုခု ခံစားထားရသူများ

အရေးပေါ်အခြေအနေတွင် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပြဿနာများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြသော်လည်း စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လူမှုရေးပိုင်းဆိုင်ရာ သဘာဝ တစ်ခုခု ရှိနိုင်သည်။ လူမှုရေးပိုင်းဆိုင်ရာ ပြဿနာများသည် ပြွတ်သိပ်ကျပ်တည်းသော စခန်းများတွင် နေထိုင်ရသူများ၊ နေ့စဉ်လုပ်ငန်းများ ပျက်ယွင်းမှု၊ စိတ်ပျက်ခြင်း တို့နှင့် သက်ဆိုင်နေတတ်သည်။ အရေးပေါ်အခြေအနေတွင် စိတ်ပိုင်းဆိုင်ရာ ပြဿနာများသည် ယခင်ရှိရင်းစွဲ စိတ်ကျန်းမာရေး ပြဿနာများနှင့် အရေးပေါ်အခြေအနေ သို့မဟုတ် ဘေးဒုက္ခအန္တရာယ်ကြောင့် ဖြစ်လာသော ပြဿနာ များ ဖြစ်နိုင်သည်။ ပဋိပက္ခ၊ ဘေးအန္တရာယ် သို့မဟုတ် ထွက်ပြေးရသည့် အတွေ့အကြုံများကြောင့် ထိခိုက်ခံစားရပြီး ဖိစီးမှုဖြစ်သော လက္ခဏာများ (PTSD) အပြင် စိတ်ကျန်းမာရေး ချို့တဲ့မှု ပုံစံအားလုံးကို တွေ့ရှိနိုင်သည်။ လူထုသည် မိမိကိုယ်တိုင်နှင့် မိသားစုဝင်များအတွက် အခွင့်အလမ်းများနှင့် ဝန်ဆောင်မှုများ ဆုံးရှုံးရခြင်း၊ ကောင်းစွာ စောင့်ရှောက် မပေးနိုင်ခြင်းတို့ကြောင့် ကြောက်ရွံ့ခြင်း၊ မလုံခြုံခြင်း တို့မှတစ်ဆင့် စိတ်ပူပန်လှုပ်ရှားမှု၊ စိတ်ဓါတ်ကျဆင်းမှု တို့ဖြစ်လာနိုင်သည်။ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စိတ်ပိုင်းနှင့် လူမှုရေး ပိုင်းဆိုင်ရာ ပြဿနာများကို သိနားလည်ထားရန်လိုသည်။ မမျှော်လင့်သော၊ ထူးခြားသော အမှုအယာများကို တွေ့ကြုံပါက ခက်ခဲသူများ၊ ပြဿနာရှာသူများအဖြစ် မရှုမြင်ဘဲ ဖြေရှင်းပေးနိုင်သော စိတ်ကျန်းမာရေးဆိုင်ရာ ထိခိုက်ခံစားရမှု ဖြစ်နိုင်ကြောင်း ဆက်စပ်နိုင်ရမည်။ ထို့ကြောင့် ကျန်းမာရေး အထူးဆောင်ရွက်သူများနှင့် နီးစပ်စွာ လက်တွဲလုပ်ဆောင်ရန် အရေးကြီးသည်။

### အရေးပေါ်အခြေအနေတွင် စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်း - စခန်းညှိနှိုင်း စီမံခန့်ခွဲမှု (CCCM ) အစုအဖွဲ့ ၊ကဏ္ဍနှင့် စခန်းစီမံခန့်ခွဲမှု အေဂျင်စီတို့သည် မည်သည်တို့ကို သိထားသင့်သလဲ

အဖွဲ့အစည်းပေါင်းစုံ စုစည်းအဖွဲ့ (IASC) သည် "အရေးပေါ်အခြေအနေတွင် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုများပေးခြင်းအတွက် လမ်းညွှန်များ (၂၀၀၇ခုနှစ်)" ပေါ်တွင် အခြေခံ၍ စခန်းညှိနှိုင်းစီမံခန့်ခွဲမှု (CCCM ) အစုအဖွဲ့ /ကဏ္ဍအတွင်းမှ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်နေသူများအနေနှင့် စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်းနှင့် လူမှုရေးပိုင်း ဆိုင်ရာ ပံ့ပိုးမှုများ (MHPSS) နှင့် စပ်လျဉ်း၍ မရှိမဖြစ် သိထားသင့် သော အသိပညာများကို ခြုံငုံသုံးသပ်ချက်တစ်ရပ် ပြုစုထားသည်။ ၎င်း၏ စိတ်ကျန်းမာရေး နှင့် စိတ်ပိုင်းနှင့် လူမှုရေး ပိုင်းဆိုင်ရာ ပံ့ပိုးမှု တြိဂံပုံစံတွင် အောက်မှ အထက်သို့ အောက်ပါအတိုင်း အဆင့် ၄ ခုရှိသည်။

- ➔ အခြေခံဝန်ဆောင်မှုများနှင့် ဘေးကင်းလုံခြုံစေမှု (ပထမအဆင့်)
- ➔ လူထုနှင့် မိသားစု၏ ပံ့ပိုးပေးမှု (ဒုတိယအဆင့်)
- ➔ အထူးကု မဟုတ်သော အာရုံစူးစိုက် ပံ့ပိုးပေးမှု (တတိယအဆင့်)
- ➔ အထူးကု ဝန်ဆောင်မှုများ (စတုတ္ထအဆင့်)

အဆင့်အမျိုးမျိုးရှိ လုပ်ငန်းဥပမာများမှာ ရှင်းပြတိုက်တွန်းခြင်း၊ မိသားစုများ ခြေရာကောက်ရှာဖွေပေးခြင်း၊ လူထုအတွင်း ဝန်ဆောင်မှုများနှင့် အသက်မွေးလုပ်ငန်း အစီအစဉ်များ၊ တစ်ဦးချင်း စိတ်ကျန်းမာရေး ရှေးဦး ပြုစု စောင့်ရှောက်မှု၊ စိတ်ကျန်းမာရေး ကုသစောင့်ရှောက်မှုနှင့် ရေရှည် ကြီးကြပ်ပံ့ပိုးမှု တို့ဖြစ်ကြသည်။

## အုပ်စုငယ်များ

စခန်းများ၌ နေထိုင်သူလူထုမှာ တူညီသူများ ဖြစ်လေ့မရှိပါ။ စခန်းလူထုမှာ ပထဝီဒေသအမျိုးမျိုးမှ လာရောက်နိုင်ပြီး လူမျိုးစု၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ အလုပ်အကိုင် နှင့် အသက်မွေးမှု အမျိုးမျိုး ဖြစ်နိုင်သည်။ ထိုသို့သော ကွဲပြားမှုများအတွင်း စီမံခန့်ခွဲရန်မှာ စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် စိန်ခေါ်မှု ဖြစ်နိုင်သည်။ အထူးသဖြင့် လူမျိုးစု ငယ်များနှင့် လူမျိုးစုကြီးတို့မှာ နည်းပါးသော အများပိုင် အသုံးအဆောင်များကို မျှဝေသုံးစွဲရပါက သို့မဟုတ် တင်းမာမှုများ ရှိနေပါက စိန်ခေါ်မှု ပို၍ဖြစ်နိုင်သည်။ အချို့အခြေအနေများတွင် လူများသည် တစ်စုတစ်စည်းတည်း ရွှေ့ပြောင်းနေထိုင်ကြ၍ ရှိနှင့်ပြီးသော လူမှုရေး စည်းလုံးညီညွတ်မှုကို ထိမ်းသိမ်းထားကြသည်။ အခြားအခြေအနေများတွင် အမျိုးမျိုးကွဲပြားသွားပြီး လူမှုရေးအခြေခံများ ဆိုးရွားစွာ ပျက်စီးနေခြင်းလည်း ဖြစ်နိုင်သည်။ စည်းလုံးမှု နည်းပါးခြင်းမှာ မဆိုးလှသော အခြေအနေဖြစ်၍ တင်းမာမှုနှင့် ပဋိပက္ခများမှာ

ဆိုးရွားသော အနေအထားဖြစ်သည်။

စခန်းစီမံခန့်ခွဲမှု အေဂျင်စီအနေနှင့် လူနည်းစု အုပ်စုငယ်များအကြား ဆက်ဆံပုံနှင့် ဆက်နွယ်မှုကို သိနားလည်ထားရန် မဖြစ်မနေ လိုအပ်သည်။ ဆက်နွယ်ပုံများကို မသိရှိပါက အင်အားမညီမျှမှုကို ပို၍ဆိုးစေနိုင်ပြီး ခွဲခြားဆက်ဆံမှုနှင့် ပဋိပက္ခများကို ပို၍ ဖြစ်ပွားစေနိုင်သည်။ ထိခိုက်လွယ်သူအားလုံးအတွက် တာဝန်ရှိသည့်အပြင် စခန်းလူထုအတွင်း အုပ်စုငယ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စခန်းစီမံခန့်ခွဲမှု အေဂျင်စီအနေနှင့် အောက်ပါတို့ကို ဆောင်ရွက် သင့်သည်။

- ➔ အားလုံးပါဝင်သည့် ဆန်းစစ်မှုရလဒ်များကို အသုံးပြု၍ စခန်းရှိ အုပ်စုများအကြား နောက်ခံအခြေအနေနှင့် ဆက်ဆံပုံများကို လေ့လာသုံးသပ်ကာ စခန်းအတွက် အစီအစဉ်နှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ရေးဆွဲရာတွင် အချက်အလက်များ ပေးအပ်ရမည်။
- ➔ စခန်းရှိဝန်ဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကိုအုပ်စုငယ်များမှအဓိပ္ပါယ်ပြည့်ဝစွာ၊ဘေးကင်းလုံခြုံစွာ လက်လှမ်းမီ ရရှိနိုင်ရန် နေရာချထားပေးရမည်။ ဘာသာရေးဝန်ဆောင်မှုများ၊ ဝတ်ပြုကိုးကွယ်ရန် နေရာများ ရရှိနိုင်ပြီး လက်လှမ်းမီနိုင်စေရန်လည်း အပါအဝင် ဖြစ်သည်။
- ➔ ဓလေ့ထုံးစံ ပွဲလမ်းများကို ကျင်းပလုပ်ဆောင်နိုင်ရန် တိုက်တွန်းပံ့ပိုးပေးရမည်။

## ယောက်ျားလျာ၊ မိန်းမလျာ၊ လိင်နှစ်မျိုးလုံးဆက်ဆံသူ၊ လိင်ပြောင်းထားသူနှင့် လိင်အင်္ဂါ နှစ်မျိုးရှိသူများ (LBGTI)

လူ့အခွင့်အရေးများမှာ လိင်နှင့်ပတ်သက်သော လူနည်းစုများအပါအဝင် လူသားအားလုံးအတွက် ခွဲခြားဆက်ဆံမှု မရှိစေရဘဲ လွှမ်းခြုံကာကွယ်ပေးထားသည်။ စဗီးယားစီမံချက်၊ လူသားချင်းစာနာထောက်ထားမှု သဘောတူညီချက်နှင့် ဘေးဒုက္ခ ကျရောက်သူများအတွက် တုံ့ပြန်ဆောင်ရွက်ပေးခြင်းဆိုင်ရာ အနိမ့်ဆုံးစံနှုန်းများ စသည်တို့အားလုံးက အကူအညီများကို လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ နိုင်ငံသားဖြစ်မှု စသည်တို့နှင့်တကွ အခြားမည်သည့် ခွဲခြားမှုမျိုးကိုမျှ မပြုလုပ်ဘဲ ပေးအပ်ရန် ဖော်ပြထားသည်။ အကူအညီများကို လိုအပ်ချက်ပေါ်တွင်သာ တွက်ချက်ရန် အားလုံး သဘောတူညီထားကြသည်။

စခန်းစီမံခန့်ခွဲမှုအေဂျင်စီအနေနှင့် LBGTI များမှာ အများအားဖြင့် ခွဲခြားဆက်ဆံခံရပြီး ကိုယ်ထိလက်ရောက် ကျူးလွန်မှုများ၊ အကြမ်းဖက်မှုများနှင့် ၎င်းတို့၏ လိင်မှုရေးရာ ခံယူကျင့်သုံးမှုနှင့် ကျားမရေးရာ သတ်မှတ်ချက်သက်သက်ကြောင့် နှိပ်စက် စော်ကားမှုများ ခံရရန် အန္တရာယ်ရှိနေကြောင်း သိရှိထားရန် အရေးကြီးသည်။ နိုင်ငံအလိုက် ဥပဒေများသည် LBG-TI များအား အများအားဖြင့် ပြစ်မှုကျူးလွန်သူများဟု သတ်မှတ်လေ့ရှိသည်။ အနုတ်လက္ခဏာအဖြစ် ခံယူသတ်မှတ်ချက်များမှာ အကူအညီပေးသောဝန်ထမ်းများမှ အပါအဝင် ယခုကာလထိတိုင် ရှိနေဆဲဖြစ်သည်။ LBGTI များကို ပုံမှန်အားဖြင့် အကူအညီ များပေးခြင်းမှ ဖယ်ထုတ်ထားလေ့ရှိသည်။ ထို့ကြောင့် LBGTI များ၏ ဘေးကင်းလုံခြုံမှု၊ ခွဲခြားဆက်ဆံမှုမရှိရေးနှင့် နောက်ထပ်အန္တရာယ် မကျရောက်စေရန် ကာကွယ်ပေးရေးတို့အတွက် ဦးစားပေးရမည်။ LBGTI များအနေနှင့် ဝန်ဆောင်မှု များကို ဘေးကင်း၍ ဂုဏ်သိက္ခာရှိစွာ ရယူနိုင်ရန်အတွက် ပံ့ပိုးပေးရန် အရေးကြီးသည်။ လိင်မှုကိစ္စ ခံယူချက်မှာ ထိုသူ အတွက် အန္တရာယ်ဖြစ်ပေါ်နိုင်စေသောကြောင့် အစဉ်အမြဲ လျှို့ဝှက်ချက် ထိမ်းသိမ်းပေးသင့်သည်။ LBGTI များအား ကာကွယ်စောင့်ရှောက်ပေးရေးအတွက် စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အောက်ပါတို့ကို ဆောင်ရွက်ပေးသင့်သည်။

- ➔ NGO ညှိနှိုင်းဆွေးနွေးပွဲများတွင် LBGTI များတွေ့ကြုံရတတ်သည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အရေးကိစ္စ များအပေါ် သိရှိနားလည်မှုကို မြှင့်တင်ပေးရမည်။
- ➔ အိမ်ရှင်လူထုအတွင်းမှ သို့မဟုတ် နိုင်ငံတွင်းမှ LBGTI များအတွက် ဆောင်ရွက်ပေးသည့် အတွေ့အကြုံရှိသော ဒေသခံ အဖွဲ့အစည်းများကို ဖော်ထုတ်ရမည်။
- ➔ LBGTI များအတွက် အကူအညီပေးနိုင်ရန်အတွက် လွှမ်းမိုးနိုင်သည့် အတွေ့အကြုံ အခွင့်အလမ်းများကို ဖော်ထုတ်ရန်
- ➔ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အထူးပြုအဖွဲ့များနှင့်အတူ LBGTI များအတွက် ကာကွယ်စောင့်ရှောက်မှုအတွက် ကိုင်တွယ်ဆောင်ရွက်နိုင်ရန် အစီအမံများ လုပ်ဆောင်ရမည်။ ၎င်းတို့မှာ ဥပမာ - တစ်နေရာထဲတွင် ဥပဒေဆိုင်ရာ ဆွေးနွေးမှု၊ ယာယီနေထိုင်စရာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပိုင်းနှင့်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးမှု စသည့် ဝန်ဆောင်မှုများပေးနိုင်ရန် စီစဉ်ထားသည့် လုံခြုံဘေးကင်းသည့်နေရာနှင့် ပံ့ပိုးဝန်ဆောင်မှုများ ဖြစ်သည်။ ထိုအတွက် LBGTI များအနေနှင့် အကြမ်းဖက်မှုများတွေ့ကြုံပါကလိုအပ်သည်ဟုထင်မြင်ဆုံးဖြတ်လျှင်ရဲသို့သတင်းပို့တိုင်ကြားရန်အကူအညီပေးနိုင်ရေးအတွက် UNHCR နှင့် NGO များနှင့်အတူ ဆောင်ရွက်ရန် လိုအပ် လိမ့်မည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက် - ဟေတီနိုင်ငံတွင် LBGTI များအား အကြမ်းဖက်ခြင်း

ဟေတီနိုင်ငံတွင် ၂၀၁၀ခုနှစ် ဇန်နဝါရီလက လှုပ်ခတ်ခဲ့သည့် ဆိုးဝါးသော ငလျင်ကြောင့် လူတစ်သန်းခန့်သည် မိမိတို့ဘာသာ တည်ဆောက်ထားသော နေထိုင်စရာ စုရပ် ၁၀၀၀ ကျော်တွင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ဟေတီနိုင်ငံမှ LBGTI များအား နိုင်ငံတကာ ယောက်ျားလျာ၊ မိန်းမလျာများ လူ့အခွင့်အရေး ကော်မရှင် (IGLHRC) က တွေ့ဆုံမေးမြန်းရာတွင် ဟေတီ မိန်းမလျာ များ NGO မှ ငလျင်လှုပ်ပြီးသည့်နောက်ပိုင်း၌ လိင်မှုရေးရာ ခံယူကျင့်သုံးမှုနှင့် ကျားမရေးရာ သတ်မှတ်ချက်နှင့် ဆက်နွယ်သော အကြမ်းဖက်မှုများ သိသိသာသာ တိုးတက်လာခဲ့ကြောင်း ပြောပြသည်။ အထူး သဖြင့် နေရပ်စွန့်ခွာနေထိုင်ရသည့် စခန်းများတွင် ဖြစ်သည်။

စခန်းများတွင် လူများကျပ်သိပ်ခြင်း၊ ယိုင်နဲ့သော အဆောက်အဦများ၊ အလင်းရောင် မလုံလောက်မှု၊ လူအများ စုဝေးရေချိုးရန်နေရာများနှင့် ဘေးကင်းလုံခြုံမှု မရှိခြင်း တို့သည် LBGTI များအပါအဝင် ကျားမ လူမှုကဏ္ဍ ကွဲပြားမှုကို အခြေခံသော အကြမ်းဖက်မှုများကို ဖြစ်ပွားစေသည်။ အထူးသဖြင့် ပုံမှန် ရှင်သန်ရပ်တည်မှု နည်းလမ်းများ ပျက်စီးသွားသောကြောင့် ဖြစ်သည်။ ဟေတီ NGO မှ ယောက်ျားလျာ၊ မိန်းမလျာနှင့် လိင်ပြောင်းထားသူ အမျိုးသမီးများ စခန်းတွင်းသို့မဟုတ် စခန်းအနီးတွင် မုဒိမ်းကျင့်ခံရမှုများနှင့် ပို၍ ကြမ်းတမ်းမှုနည်းသော လိင်မှုဆိုင်ရာ အမြတ်ထုတ် မှုများကို မှတ်တမ်းတင်ထားသည်။ ၄င်းမှာ LBGTI များကို ယောက်ျားများက အစားအစာ သို့မဟုတ် ငွေအတွက် အတင်းအကျပ် လိင်ဆက်ဆံစေခြင်းဖြစ်သည်။ ယောက်ျားလျာနှင့် လိင်နှစ်မျိုးလုံးဆက်ဆံသူ အမျိုးသမီးအုပ်စုကို ဟေတီ NGO နှင့် IGLHRC က တွေ့ဆုံမေးမြန်းရာတွင် စခန်းများ၌ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုမှာ အသေအချာပင် ပြဿနာတစ်ရပ်ဖြစ်နေကြောင်း တင်ပြကြသည်။

## အမျိုးသားများ

အမျိုးသားများမှာ အခြားအုပ်စုဝင်များကဲ့သို့ပင် နောက်ခံအခြေအနေအရ အန္တရာယ်ကျရောက်နိုင်ခြေများရှိသည်။ ၄င်းတို့အနက် လုပ်ရှားလုပ်ကိုင်မှုမရှိသူများမှာ အသိုက်အဝန်းမှ ဖယ်ကျဉ်ခံရနိုင်သည်။ သို့မဟုတ် ပျင်းရိနေသော လူငယ်များကို လက်နက်ကိုင်အဖွဲ့များက ခေါ်ဆောင်နိုင်သည်။ အမျိုးသမီးများ၊ ကလေးများနှင့် မသန်စွမ်းသူများ၏ သီးခြားလိုအပ်ချက်ကို များစွာသတိပြုမိကြသော်လည်း စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် အမျိုးသားများ၏ သီးခြားလိုအပ်ချက်ကိုလည်း သတိပြုရန် လိုအပ်ပေသည်။

စခန်းတွင် နေထိုင်ရခြင်းသည် အမျိုးသားများအတွက် အထူးသဖြင့် စိတ်ဖိစီးဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် များစွာသော ဓလေ့ထုံးစံများအရ အမျိုးသားများ၏ အဓိက အခန်းကဏ္ဍဖြစ်သည့် မိသားစုများအား ရှာဖွေကျွေးမွေး၍ ရပ်ရွာတွင် ဦးဆောင်ရခြင်းမှာ စခန်းတွင်း ဘဝအခြေအနေ၌ များစွာပြောင်းလဲမှု ရှိစေတတ်သည်။ စခန်းရှိ အမျိုးသား များသည် အဓိက အသက်မွေးမှုလုပ်ငန်းများကို ဆက်လက်မလုပ်ကိုင်နိုင်ဘဲ အနည်းနှင့်အများ ပြင်ပအကူအညီများ ပေါ်တွင် မှီခိုကာ မိသားစုအတွက် အစားအစာ၊ နေထိုင်စရာနှင့် အိမ်သုံးပစ္စည်းများကို ရယူ ပေးအပ်နေရသည်။ အမျိုးသားများ၏ ကိုယ်တိုင်စိုးပိုင်နိုင်မှုမှာ တစ်စိတ်တစ်ပိုင်း ပျောက်ဆုံးနေနိုင်သည်။ ထိုသို့ အရေးကြီးသည်ဟု ယူဆသည့် လုပ်ငန်းများ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပျောက်ဆုံးနေရခြင်းကြောင့် အမျိုးသားများမှာ ပျင်းရိထိုင်းမှိုင်းနေနိုင်သည်။ အထီးကျန်၍ နေနိုင်သည်။ နိမ့်ကျသည်၊ လုံလောက်မှုမရှိ၊ ရည်ရွယ်ချက်မရှိဟု ခံစားရနိုင်သည်။ စိတ်ဓါတ်ကျဆင်းမှုပင် ဖြစ်လာစေနိုင်သည်။ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အထူးပြု အေဂျင်စီများနှင့်အတူ ဦးတည်ဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ရန်အတွက် စခန်းရှိ အမျိုးသားများ၏ အခြေအနေကို ဆန်းစစ်လေ့လာကာ ၄င်းတို့၏ သီးခြားလိုအပ်ချက်များကို ဖေါ်ထုတ်သင့်သည်။

### ကွင်းဆင်းဆောင်ရွက်သူများထံမှ ပြောဆိုချက်- ဒါဖာ စခန်းများတွင် မတူညီသော စိတ်ဖိစီးခံစားရမှု အတွေ့အကြုံ များ

၂၀၀၉ခုနှစ်က ဒါဖာ နေရပ်စွန့်ခွာစခန်းများတွင် ပြုလုပ်ခဲ့သည့် လေ့လာမှုအရ အမျိုးသားများသည် အမျိုးသမီးများ ထက် ပို၍ စိတ်ဖိစီးခံစားကြရသည်။ ထိုအချက်က ဆက်စပ်ဖေါ်ပြသည်မှာ စခန်းဘဝသည် အမျိုးသမီးများထက် အမျိုးသားများ၏ ဂုဏ်သိက္ခာကို ပိုမိုဆိုးရွားစွာ ထိခိုက်စေကြောင်းပင်ဖြစ်သည်။ တွေ့ရှိချက်အရ အမျိုးသမီးများသည် မိမိတို့၏ အစဉ်အလာ

အခန်းကဏ္ဍကို စခန်းတွင် ဆက်လက်လုပ်ကိုင်နိုင်သော်လည်း အမျိုးသားများမှာ ထိုသို့ ဆက်လက် မလုပ်ကိုင်နိုင်ချေ။

" အမျိုးသားတွေက အမျိုးသမီးတွေထက် ခြုံငုံပြီးပြောရရင် ပိုပြီးစိတ်ဖိစီးခံရတယ်လို့ တင်ပြကြတာ တစ်နည်းတော့ အံ့သြစရာ ကောင်းပါတယ် ... ဓလေ့ထုံးစံအရ အမျိုးသားတွေရဲ့ အခန်းကဏ္ဍက မိသားစုအတွက် ရင်းမြစ်တွေ ဖူလုံစေအောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိနေတာကို ထင်ဟပ်ပြတာ ဖြစ်နိုင်ပါတယ်။ အကြိုဆန်းစစ်မှုပြုလုပ်စဉ်မှာ အမျိုးသားအများအပြားက ကျွန်ုပ်တို့ကို ပြောပြတာက ကိုရမ်ကျမ်းစာမှာ ငွေရှာဖို့နဲ့ မိသားစုအတွက် ရင်းမြစ်တွေ ရှာဖွေပေးဖို့က အမျိုးသားတွေရဲ့ တာဝန်ဖြစ်တယ်။ အမျိုးသမီးတွေက အိမ်ထောင်ထိမ်းသိမ်းရမယ်။ ဒုက္ခသည်စခန်းတွေမှာ အမျိုးသမီးတွေရဲ့ အိမ်ထောင် ထိမ်းသိမ်းမှုကတော့ ဆက်ရှိနေပေမဲ့ အမျိုးသားတွေရဲ့ အလုပ်အကိုင်နဲ့ ဂင်ငွေက ပိုပြီး အားနည်းတယ်။ အမျိုးသားတွေဟာ NGO တွေနားမှာ နေရရင် ပိုပြီး ပူပန်တယ်။ ဒါဟာ လူသားချင်း စာနာထောက်ထားမှုအကူအညီတွေ အလွယ်တကူရတော့ လုပ်ငန်းဆောင်တာတွေ ပိုပြီးပျက်ယွင်းတာနဲ့ ဆက်စပ်နေ နိုင်ပါတယ်။"

## စခန်းစီမံခန့်ခွဲမှု အေဂျင်စီအတွက် ဆန်းစစ်ရန် စာရင်း

✔ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအတွက် ကျင့်ဝတ်စည်းမျဉ်းကို စခန်းဝန်ထမ်းများအား သင်တန်းပေးထားပြီး လက်မှတ်ရေးထိုးထားစေရန်

✔ မှတ်ပုံတင်စာရင်းသွင်းခြင်းနှင့် စောင့်ကြည့်ကြီးကြပ်မှုတို့အတွက် အချက်အလက်များတွင် သီးခြားလိုအပ်ချက် ရှိသူများနှင့် ထိခိုက်လွယ်သူများအား ခွဲခြားဖော်ပြပေးရမည်။

✔ မှတ်ပုံတင်စာရင်းသွင်းသည့်အချက်အလက်များကို စခန်းလူဦးရေ စာရင်းဇယားနှင့် ကိုက်ညီစေပြီး အချိန်နှင့် တစ်ပြေးညီဖြစ်စေရမည်။

✔ အချိန်တို ရွှေ့ပြောင်းနေထိုင်ရမှုများတွင် အချိန်နည်းပါးပြီး ကော်မီတီများဖွဲ့ထားနိုင်ခြင်း မရှိသဖြင့် သီးခြား လိုအပ်ချက်ရှိသူများ၏ အသံကို နားထောင်နိုင်ရန် အာရုံစူးစိုက်သင့်သည်။

✔ စခန်းတွင် အားလုံးပါဝင်၍ ဆန်းစစ်မှုများပြုလုပ်သည့်အခါ သီးခြားလိုအပ်ချက်ရှိသူများလည်း ပါဝင်ရမည်။ သို့မှသာ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ထိခိုက်လွယ်မှုများ၊ ဆက်သွယ်ပုံများနှင့် အုပ်စုများအကြား တင်းမာမှုများကို သိရှိနားလည်လာမည်။

✔ စခန်း ဒီဇိုင်းပုံစံနှင့် နေရာချထားပုံတို့သည် သီးခြားလိုအပ်ချက်ရှိသူများ၏ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်ကို ထည့်သွင်းစဉ်းစား စီစဉ်ရမည်။

✔ စခန်းတွင် သီးခြားလိုအပ်ချက်ရှိသည့် အုပ်စုများကို ကောင်းစွာကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များဖြင့် ကော်မီတီများ ထူထောင်ပြီး ပုံမှန် လုပ်ငန်းများ ဆောင်ရွက်နိုင်စေရမည်။

✔ သီးခြားလိုအပ်ချက်ရှိသည့် အုပ်စုများကို လူထုအဖွဲ့အစည်းများအတွင်း ကိုယ်စားပြု ပါဝင်စေပြီး ဆုံးဖြတ်ချက် ချသည့် လုပ်ငန်းစဉ်များနှင့် စခန်းလုပ်ငန်းများတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်စေရမည်။ ဥပမာ စခန်းစီမံအုပ်ချုပ်မှု၊ မကျေနပ်ချက်များ တိုင်ကြားနိုင်ရန် အစီအမံ၊ ရေနှင့် သန့်ရှင်းရေး၊ အစားအစာ နှင့် မိဘဆရာအသင်း စသည့် ကော်မီတီ အမျိုးမျိုး၊

✔ စခန်းတွင် ရရှိနိုင်သည့် ဝန်ဆောင်ပစ္စည်းများနှင့် ဝန်ဆောင်ပေးမှုများအကြောင်းကို သီးခြားလိုအပ်ချက်ရှိသည့် အုပ်စုများအပါအဝင် အုပ်စုအားလုံးမှ လက်လှမ်းမီ သိရှိနိုင်စေရမည်။ ဥပမာ - ညွှန်းပို့စနစ်များနှင့် မကျေနပ်ချက်များ တိုင်ကြားနိုင်ရန် အစီအမံ၊

✔ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် သီးခြားလိုအပ်ချက်ရှိသူများအတွက် မိသားစုများနှင့် ရပ်ရွာလူထုမှ စောင့်ရှောက် ပေးသည့် ဖွဲ့စည်းမှုကို ပံ့ပိုးပေးရမည်။ ၎င်းတို့၏ စောင့်ရှောက်မှုတွင် မည်သည့် လစ်ဟာမှုများ ရှိသည်ကို ဆန်းစစ်ဖော် ထုတ်ပြီး ဖြည့်ဆည်းပေးရမည်။

✔ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အထူးပြု အေဂျင်စီများအား လက်ရှိလုပ်ငန်းများ တွင် မိတ်ဖက်အနေနှင့် ပါဝင်ဆောင်ရွက်စေရန် သို့မဟုတ် စခန်းတွင် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အထူးပြု လုပ်ငန်းများ စတင် ဆောင်ရွက်စေရန် ဖိတ်ခေါ်ရမည်။ ဥပမာ - မသန်စွမ်းသူများ သို့မဟုတ် သီးခြားလိုအပ်ချက် ရှိသည့် အခြားအုပ်စုများအတွက် ဦးတည်အကူအညီများပေးရန်

- ✔ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် စခန်းရှိ အခြားပါဝင်ပတ်သက်သူများနှင့် အေဂျင်စီများအား ထိခိုက်လွယ်သည့် အုပ်စုနှင့် တစ်ဦးချင်းစီတို့၏ သီးခြားလိုအပ်ချက်များကို ကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ်များတွင် ထည့်သွင်းဆောင် ရွက်ပေးရန်အတွက် ရှင်းပြအသိပေး တိုက်တွန်းရမည်။
- ✔ သီးခြားလိုအပ်ချက် ရှိသည့် ကလေးများကို ဖေါ်ထုတ်နိုင်ရန်အတွက် စနစ်တစ်ခု ထားရှိရမည်။
- ✔ စခန်းစီမံခန့်ခွဲမှု အေဂျင်စီသည် ကလေးများ ဘေးကင်းလုံခြုံစွာဖြင့် ပညာရေးကို လက်လှမ်းမီရရှိနိုင်စေရန် စောင့်ကြည့်ကြီးကြပ် ပံ့ပိုးပေးရမည်။
- ✔ စခန်းရှိ ကလေးများနှင့် ဆယ်ကျော်သက်မိန်းကလေးများ အပါအဝင် လူငယ်များအတွက် ဘေးကင်းလုံခြုံသော နေရာများ၊ အပန်းဖြေရန် အခွင့်အလမ်းများ ရှိစေရမည်။
- ✔ သီးခြားလိုအပ်ချက်ရှိသည့် ဆယ်ကျော်သက်များအတွက် စခန်းဘဝတွင် အပြုသဘောဆောင်သော ပါဝင် ကူညီမှုများ ပြုလုပ်နိုင်ကြစေရန် သင်တန်းတက်ရန်အခွင့်အလမ်းများနှင့် အပမ်းဖြေရန်အစီအစဉ်များ ပေးအပ်ရမည်။
- ✔ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ၄င်းတို့၏ ဘဝအပေါ်တွင် သက်ရောက်မှု ရှိစေနိုင်သည့် အရေးကိစ္စများ ကို တွေ့ဆုံပြောဆိုနိုင်ကြစေရန် လုံခြုံဘေးကင်းသော အမျိုးသမီး ဆုံစည်းရိပ်သာများ ထူထောင်ပေးရမည်။
- ✔ အမျိုးသမီးများ၏ ဦးဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းရည်များကို အားဖြည့်ပေးသော အစီအစဉ်များ စခန်းတွင်း ၌ ထူထောင်ရမည်။
- ✔ စခန်းတွင်းရှိ သက်ရွယ်ကြီးသူများအား စောင့်ရှောက်မှုနှင့် ဂုဏ်သိက္ခာ တိုးမြင့်စေရေးလုပ်ငန်းများနှင့် ရပ်ရွာ
- ✔ ကျန်းမာရေးချို့တဲ့သူများ၊ မသန်စွမ်းသူများနှင့် လှုပ်ရှားသွားလာနိုင်စွမ်း နည်းပါးသူများအဖို့ မရှိမဖြစ်လိုအပ်သော အကူအညီ၊ ဝန်ဆောင်မှုများနှင့် ၄င်းတို့အတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အစီအစဉ်များကို လက်လှမ်းမီစေရ မည်။။ လိုအပ်ပါက အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်းကဲ့သို့ အခြားနည်းလမ်းများကို စီစဉ်ဆောင်ရွက်ရမည်။
- ✔ စခန်းစီမံခန့်ခွဲမှုအေဂျင်စီသည် HIV/AIDS နှင့် TB ရောဂါခံစားနေရသူများအတွက် ကာကွယ်စောင့်ရှောက်မှုနှင့် လျှို့ဝှက်ချက်ထိမ်းသိမ်းမှုအတွက် ပံ့ပိုးပေးရမည်။၊ HIV/AIDS ရောဂါကူးစက်နိုင်ရန် အန္တရာယ်ရှိသည့်အုပ်စုများ၏ ထိခိုက်နိုင်ခြေကို လျှော့ချပေးရန် အစီအစဉ်များရှိရမည်။
- ✔ စခန်းလူဦးရေ စာရင်းဇယားတွင် လူနည်းစုဝင်များကို ဖေါ်ထုတ်မှတ်သားထားရမည်။
- ✔ ဆန္ဒရှိပါက တူညီသော လူနည်းစုအုပ်စုများထဲမှ လူများကို စခန်းတွင်း၌ နေရာအတူတူ ချထားရမည်။
- ✔ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဘာသာရေး အခမ်းအနားများ ကျင်းပနိုင်ရန် ဝန်ဆောင်မှုနှင့် နေရာများ ထူထောင်ထား ရမည်။
- ✔ စခန်းရှိ LGBTI တို့ ကြုံတွေ့နိုင်သော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များနှင့် ခွဲခြားနိမ့်ချဆက်ဆံမှုများ အတွက် အသိပညာများ မြှင့်တင်ပေးရမည်။ ဦးတည်ပံ့ပိုးမှုများပေးနိုင်ရန် အထူးပြုအဖွဲ့အစည်းများထံ ဆက်သွယ် ဆောင်ရွက်ရမည်။

## အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ

### အသုံးပြုနိုင်သည့် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများ

အောက်တွင် စာရင်းပြုစုဖော်ပြထားသော အသုံးပြုရန် နည်းလမ်းအထောက်အကူများ နှင့် ရည်ညွှန်းစာအုပ်စာတမ်းများအားလုံးကို အီလက်ထရောနစ်စနစ်ဖြင့် စခန်းစီမံခန့်ခွဲမှုလက်စွဲစာအုပ် ပုံနှိပ်စာအုပ်တိုင်းနှင့်အတူ ပါရှိသည့် USB Memory stick မှ၄င်း၊ www.cmtoolkit.org ဝက်ဘ်ဆိုက်တွင်၄င်း ရရှိနိုင်ပါသည်။


- HelpAge International, 2012. Protecting Older People in Emergencies: Good Practice Guide
- UN Refugee Agency (UNHCR), 2011. Working with Persons with Disabilities in Forced Displacement
- UNHCR, 2011. Working with National or Ethnic, Religious and Linguistic Minorities and Indigenous Peoples in Forced Displacement
- UNHCR, 2011. Working with Lesbian, Gay, Bisexual, Transgender and Intersex Persons in Forced Displacement
- UNHCR, 2012. Working with Men and Boy Survivors of Sexual and Gender-Based Violence in Forced Displace-

ment
– UNHCR, 2013. Working with Older Persons in Forced Displacement
– UNHCR. Ten Key Points on HIV/AIDS and the Protection of refugees, IDPs and Other Persons of Concern

## ရည်ညွှန်းစာအုပ်စာတမ်းများ

– Action Aid, 2009. Safety with Dignity - A Field Manual for Integrating Community-based Protection across Humanitarian Programs
– Action for the Rights of Children, 2001. Critical Issues: Abuse and Exploitation
– Jose Eruesto, 2002. "The Breakdown of Cultures in Refugee Camps", Forced Migration Review
– Forced Migration' Issue42, 2013. Sexual Orientation and Gender Identity and the Protection of Forced Migrants
– Global Protection Cluster, 2012. Minimum Standards for Child Protection in Humanitarian Action
– Handicap International, 2009. Mainstreaming Disability into Disaster Risk Reduction: a Training Manual
– HelpAge International, 2012. Older People in Emergencies - Identifying and Reducing Risks
– HelpAge International, 2012. Protection Interventions for Older People in Emergencies
– International Committee of the Red Cross (ICRC), 2004. Inter-agency Guiding Principles on Unaccompanied and Separated Children
– Inter-Agency Standing Committee (IASC). Guidelines for HIV/AID Interventions in Emergency Settings
– Inter-Agency Standing Committee, 2006. Women, Girls, Boy and Men: Different Needs - Equal Opportunities
– Inter-Agency Standing Committee, Camp Coordination and Camp Management Cluster, Protection Cluster, Working Group and IASC Reference Group for Mental Health and Psychosocial Support in Emergency Setting, 2012. Mental Health and
Psychosocial Support in Emergency Settings: What Should Camp Coordination and Camp Management Actors Know?
– International Gay and Lesbian Human Rights Commission/ SEROvie, 2010. The Impact of the Earthquake, and Relief and Recovery Programs on Haitian LGBT People
– International Rescue Committee, 2013. Protection Mainstreaming Training Facilitator's Guide
– Rasmussen, A. and Annan, J., 2009. "Predicting Distress Related to Basic Needs and Safety in Darfur Refugee Camps: A Structural and Social Ecological Analysis", Journal of Refugee Studies
– Save The Children (STC), 2004. Separated Children: Care & Protection of Children in Emergencies. A Field Guide.
– STC, 2005. Reaching all: Core Principles for Working with Children Associated with Armed Groups and Forces
– Sphere Project, The Humanitarian Charter and Minimum Standards in Disaster Response
– David Tolfree, Save the Children, 2003. Community-based Care for Separated Children
– UN Refugee Agency (UNHCR), 2006. Guidelines on Formal Determination of the Best Interests of the Child
– UNHCR, 2006, 2007 and 2010. Conclusion on Women and Girls at Risk, Conclusion on Children at Risk, Conclusion on refugees with disabilities and other persons with disabilities protected and assisted by UNHCR
– UNHCR, 2007. The Protection of Older Persons and Persons with Disabilities
– UNHCR, 2008. A Community-based Approach in UNHCR Operations
– UNHCR, 2008. Handbook on the Protection of Women and Girls
– United Nations International Children Fund (UNICEF), 2002. Implementation Handbook for the Convention on

the Rights of the Child

- UNICEF, 2007. The Paris Principles: Principles and Guidelines o Children Associated with Armed Forces or Armed Groups
- United Nations Convention on the Rights of the Child, 1990.
- United Nations Convention on the Rights of Persons with Disabilities, 2006
- Unites States Committee for Refugees and Immigrants, 2007. Resource Guide for Serving Refugees with Disabilities
- Jo Wells, Humanitarian Practice Network, 2005. Protecting and Assisting Older People in Emergencies
- World Food Program, 2006. Getting Started: HIV, Aids and Gender in WFP Programmes
- Women's Commission for Women and Children, 2008. Disabilities among Refugees and Conflict-Affected Populations, Resource Kit for Fieldworkers
- World Health Organisation, 2001. Declaration of Cooperation in Mental Health of Refugees, Displaced and Other Populations Affected by Conflict and Post-Conflict Situations
- World Vision, 2012. Minimum Inter-Agency Standards for Protection Mainstreaming
- Universal Human Rights